# တေဇ ရုပ်စုံ

အတွဲ (၃၅)၊ အမှတ် (၈)၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ



မြဝတီ

စာပေတိုက်ထုတ်

မဂ္ဂဇင်း၊ စာစောင်များ

လပေးမှာယူဖတ်ရှုနိုင်ပြီ





မြဝတီစာပေတိုက်ထုတ် မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များကို စာအုပ်လက်ခံရရှိမှ
ငွေပေးချေစနစ်ဖြင့် မှာယူနိုင်ပါသည်။
မြန်မာတစ်နိုင်ငံလုံးအနှံ့ မည်သည့်မြို့နယ်မဆို စာတိုက်မှတစ်ဆင့် ပေးပို့သွားမည်ဖြစ်ပါသည်။
မိမိတို့မှာယူလိုသည့်စာအုပ်များကို အောက်ပါလိပ်စာနှင့်ဖုန်းနံပါတ်များအတိုင်း
ဆက်သွယ်မှာယူနိုင်ပါသည်။
ဖြန့်ချိရေး – မြဝတီစာပေတိုက်၊ မိုးကောင်းလမ်း၊ မြဝတီမီဒီယာစင်တာ(မြေညီထပ်)၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း – ၀၉၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)၊ ၀၉၄၂၁၀၆၇၄၁၀ (အွန်လိုင်းဖြန့်ချိရေး)။







## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and looting under the pretext of sayings "for the people".

2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.

3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

ကလေးငယ်များအတွက် ပညာလည်းပေး၊ ဗဟုသုတလည်းရ၊
ဟာသလည်းပါ၊ ဉာဏ်ရည်လည်းတိုးမဲ့ မိုးသောက်ပန်းဂျာနယ်ကို
ဂျာနယ်လက်ခံရရှိမှ ငွေပေးချေစနစ်ဖြင့် မှာယူဖတ်ရှုနိုင်ပါပြီ။





ဆက်သွယ်ရန်လိပ်စာ - အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ မြဝတီမီဒီယာစင်တာ(မြေညီထပ်)၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉၄၅၂၂၆၀၅၃၆(စာတည်း)
၀၉၄၂၁၀၆၇၄၁၀(အွန်လိုင်းဖြန့်ချိရေး)။

# မာတိကာ


| | | |
|---|---|---|
| မိုးသား(ဘုတလင်) | ဖိတ်ခေါ်မှာလား သူငယ်ချင်း | ၂ |
| နေခြည် | ခွန်ဆမ်လောနဲ့ နန်းဦးပြင် | ၃ |
| ဇော်မြင့်နီ | တေဇတို့ရွှတ်ဆိုဖို့ သဘာဝပတ်ဝန်းကျင် ချစ်ဖွယ်ကဗျာများ(၁၀) | ၉ |
| ရေနံ့သာမောင်ကျော်ညွန့် | ဆူးပြောင့်ခလုတ် | ၁၂ |
| မောင်ဖျော်(ပေတစ်ပင်) | လူမှုဝန်တာကျေသူများ ဖြစ်ကြပါစေ | ၁၄ |
| ဇက်တီ | ကိုယ်ပိုင်အရည်အချင်း | ၁၇ |
| မြရတီ (ဒဿနိက) | နတ်သားတစ်ပါးနဲ့ ညီအစ်ကိုလေးယောက် | ၂၀ |
| ဝမ်းထက်မိုး(ဇိန့် - အောင်လံ) | ဖေ့စ်ဘွတ်ခ် | ၂၅ |
| မမိုးမြင့်ကျော့မှူး | မြန်မာ့ရိုးရာထမနဲပွဲတော် | ၂၉ |
| တင်လင်းဇော် | မြန်မာဝေါဟာရကဗျာများ | ၃၀ |
| မဖူးဖူး | သချ်ာညာဏ်ရည် | ၃၂ |
| ဒေါက်တာသန့်စင်(ရှုပဗေဒ) | လူရဲ့မျက်စိနဲ့ ကျန်းမာရေး | ၃၃ |
| သန့်သူရ | နာအွန်း၊ သို့မဟုတ် ထက်မြက်တဲ့ မိန်းကလေး | ၃၆ |
| အောင်ကျော် | ခြေစွမ်း | ၃၇ |
| အောင်အောင်ထွေး | တော်ရာသုံးစွဲပါ | ၄၀ |
| မွှေး | ရှာမယ်၊ ဖြည့်မယ် | အချပ်ပို(၁) |
| နှောင်တေဇ | ဝက်ပါလမ်း | အချပ်ပို(၂) |
| TTL | တီတီလေးနဲ့ပုံဆွဲမယ် | အချပ်ပို(၃) |
| တေဇမျက်နှာဖုံး | မောင်တင်ယု | |



[illegible]
မိုးကောင်းလမ်း၊
မြဝတီဓိဒီယာစင်တာ(မြေညီထပ်)၊
ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း ၀၉၄၀၁၃၂၅၈၄၅၀(စာတည်း)
၀၉၃၂၄၉၈၇၂၄(ဖြန့်ချိရေး)
Email-tayzabooklet99@gmail.com
ပုံနှိပ်သူမှတ်ပုံတင်အမှတ် - ၀၀၆၅၆
ထုတ်ဝေသူမှတ်ပုံတင်အမှတ်
၀၀၁၁၃



စာတည်းမှူးချုပ်
နေနိုင်သူ
ဒုတိယစာတည်းမှူးချုပ်
မြင့်နိုင်
စာတည်းမှူး
ဇော်သိန်းဝင်း
တာဝန်ခံစာတည်း
ပုလောစိုးနိုင်သာ
လက်ထောက်စာတည်း
ကြူကြူ၊ မေမြင့်မိုးအောင်
စာစီနှင့်ဒီဇိုင်း
ကြူကြူ
စာပြင်
မာမာမိုး၊ အိအိကျော်
design yin htwe

# ဖိတ်ခေါ်မှာလား သူငယ်ချင်း

ပင်လယ်ပြာပြာ ရေပြာပြာ
မင်းတို့နေတဲ့ ရပ်ဒေသာ။

လာလည်ဆိုရင် ငါမငြင်း
ဖိတ်ခေါ်မှာလား သူငယ်ချင်း။

သင်္ဘောကြီးတွေ စီးလို့ကို
ရေလမ်းခရီး သွားတယ်ဆို။

ဟိုရွာသည်ရွာ ကူးချင်လား
လှေကလေးနဲ့ လှော်လို့သွား။


ဆား ငါး ငါးပိ ပေါလှကွယ်
ဘဲငန်းတွေလည်း မွေးမြူတယ်။

လယ်ကွင်းတွေက အထွက်ကောင်း
အုန်းပင်တန်းတွေ ရာထောင်သောင်း။

ကျောင်းပိတ်နွေရက် လာလည်ရင်
အဆင်ပြေလား ငါသိချင်။

ခင်ခင်မင်မင် ချစ်စိတ်ရင်း
ကြိုဆိုမှာလား သူငယ်ချင်း။ ။


မိုးသား(ဘုတလင်)






ခွန်ဆမ်လောနဲ့ နန်းဦးပြင်
Khun San Law and Nan Oo Pyin
Story: Maung Paw Lu
Illustration: Nay Chi
Tr: BMK
တစ်ခါတုန်းက ရှမ်းပြည်နယ်ရဲ့ ကျေးရွာ တစ်ရွာမှာ ရုပ်ရည်ခံ့ ညားတဲ့ ခွန်ဆမ်လော ဆိုတဲ့ လူငယ်တစ်ယောက် ရှိတယ်...
Once upon a time, there was a handsome young man called Khun San Law in a village in Shan State.
ခွန်ဆမ်လောဟာ သူ့ရဲ့ မွေးစားမိခင် မုဆိုးမကြီးနဲ့ အတူနေ ထိုင်တယ်...
Khun San Law lived with his adopted mother, the old widow.


As a scheming ugly in the village loved Khun San Law, she took care of the old widow.
The old widow was fond of her and said,
"You shall be my daughter-in-law."
As Khun San Law wanted to escape from the clutches of the scheming ugly girl, he requested the old widow to allow him to accompany with the caravans of merchants, who came to their village.
"Mother, I want to come along with the caravans of merchants."
The old widow reluctantly agreed.
When Khun San Law reached a market town, he fell in love with Nan Oo Pyin, who was watering the plants.


ခွန်ဆမ်လောဟာနန်းဦးပြင်နဲ့ လက်ထပ်ပြီးနေထိုင်တော့တယ်...
Khun San Law married and lived together with Nan Oo Pyin.
တစ်နေ့...
One day.
မောင်ကြီး နှမနဲ့လက်ထပ်တဲ့ အကြောင်းကိုအမေ့ဆီပြန်ပြီး အကြောင်းကြားရမယ်...နှမစောင့် နေပါ...
"I must inform my mother about my marriage. Wait for me."
ခွန်ဆမ်လောဟာမြင်းစီးပြီးပြန် သွားတယ်...
Khun San Law went back by riding his horse.
မုဆိုးမကြီးဟာအကြောင်းစုံသိလိုက် ရတော့အခါမကျေနပ်ဘူး...ဒါပေမဲ့...
When the widow knew all the circumstances, she was not pleased. But,...
ကောင်းတယ်သားရယ်...ဒါပေမဲ့... မင်းရဲ့ဇနီးဆီမပြန်ခင်အမေ့စိုက် ခင်းတွေကိုကြီးကြပ်ပေးအုံး...
"Well done, my son. But before you go back to your wife, supervise my farms."
ခွန်ဆမ်လောဟာစိုက်ခင်းတွေကို ကြီးကြပ်နေရလို့နန်းဦးပြင်ဆီကိုမပြန် နိုင်ဘူး...
As Khun San Law supervised his mother's farms, she could not go back to his wife.



နန်းဦးပြင်ဟာကိုယ်ဝန်ရှိနေပြီး ခွန်ဆမ်လောပြန်မလာလို့သူ့ နောက်ကိုလိုက်တယ်...
Nan Oo Pyin became pregnant and she followed Khun San Law as he did not return to her.
မုဆိုးမကြီးဟာနန်းဦးပြင်ကိုခွန်ဆမ်လော နဲ့တွေ့ခွင့်မပေးဘဲညှဉ်းပန်းနှိပ်စက်တော့ တယ်...
The old widow did not allow her to meet Khun San Law and tortured her.
ညည်း...ကောက်ကောက်ရွေ့ တို့ဒိန်းခဲ...
"You carry back luck."
နန်းဦးပြင်ဟာခွန်ဆမ်လောကိုမ တွေ့ရလို့အိမ်ကိုပြန်တော့တယ်...
Nan Oo Pyin did not meet Khun San Law and so she went back home.
လမ်းခုလတ်မှာဗိုက်နာလာပြီး ကလေးကိုမွေးကာ...
On the way, she gave birth to her child.


ကလေးကလဲမွေးပြီးပြီးချင်းပဲ
ဆုံးပါးသွားတယ်...
As soon as the child was born, he died.
နန်းဦးပြင်ဟာလဲ အိမ်ပြန်ရောက်
ရောနေထိုင်မကောင်းဖြစ်ပြီးသေဆုံး
သွားတယ်...
When Nan Oo Pyin reached her home,
she was dead.
ခွန်ဆမ်လော်ဟာလဲ အဲဒီသတင်းကိုကြား
လို့နန်းဦးပြင်နောက်ကိုလိုက်လာ
တယ်...
When Khun San Law knew about that news,
he followed Nan Oo Pyin.
ဒါပေမဲ့ သူရောက်တဲ့အချိန်မှာ
နန်းဦးပြင်ရဲ့ အသက်မဲ့နေတဲ့
အလောင်းကိုသာတွေ့ရတော့တယ်...
But he found only the dead body of Nan Oo
Pyin when he reached.
ဖြစ်မှဖြစ်ရလေ
နန်းဦးရယ်...
"You're unlucky,
Nan Oo Pyin."


"I will follow you soon."
Khun San Law died because he was stricken with sorrow.
When the old widow followed them and found the two dead bodies lying side by side, she was not satisfied.
She placed a bamboo carrying pole with three joints between the two dead bodies without being noticed.
At that night, Khun San Law and Nan Oo Pyin appeared as twin stars in the sky.
Unfortunately,there were three other stars between the two twin stars.
Those three stars were the three joints of the bamboo carrying pole.
END

# တေဇတို့ရွတ်ဆိုဖို့ သဘာဝပတ်ဝန်းကျင် ချစ်ဖွယ်ကဗျာများ(၁၀)

ဇော်မြင့်နီ



တေဇကလေးတို့ရေ...

တေဇကလေးတို့ရွတ်ဆိုကြဖို့ ဦးဦး ကဗျာလေးတွေစုပြီး ရေးကူးပေးထားပါတယ်။ ဒီကဗျာလေးတွေက သဘာဝပတ်ဝန်းကျင်အကြောင်း ရေးဖွဲ့ထားတဲ့ ကဗျာလေးတွေပါ။ ကဗျာလေးတွေကို ရှေးခေတ်စာဆိုတော်ကြီးတွေက ရေးဖွဲ့ခဲ့တာဖြစ်ပါတယ်။ အခုတစ်လတော့ 'စာဆိုတော်ကြီး လူဦးမင်း'ရဲ့ကဗျာလေးတွေ ရွတ်ဆိုကြပါစို့ကွယ်။

စာဆိုတော်ကြီးလူဦးမင်းဟာ လွန်ခဲ့တဲ့နှစ် ၁၅၀ လောက်က ပေါ်ထွန်းခဲ့တဲ့ စာဆိုတစ်ဦးဖြစ်ပါတယ်။ အဲဒီတုန်းက တစ်နေရာ

တည်းမှာ ဦးမင်းအမည်နဲ့ စာဆိုတော်နှစ်ဦးရှိနေလို့ တစ်ဦးကို ဖိုးသူတော်ဦးမင်း၊ နောက်တစ်ဦးကို စာဆိုတော်ကြီးလူဦးမင်းလို့ အမည်ပေးထားတာဖြစ်ပါတယ်။ စာဆိုတော်ကြီးလူဦးမင်းကို ၁၈၀၀ ပြည့်နှစ်မှာ မွေးဖွားခဲ့တယ်။ ၁၈၇၁ ခုနှစ်မှာ ကွယ်လွန်ခဲ့တယ်။ ကွယ်လွန်ချိန်မှာ အသက် ၇၁ နှစ်အရွယ်ရှိပါပြီ။ လူဦးမင်းရဲ့ဇာတိက ရွှေဘိုမြို့မြောက်ဘက်၊ ငရန်ရွာဖြစ်ပါတယ်။ ငယ်မည် မောင်စံရွှင်လို့ ခေါ်တယ်။

စာဆိုတော်ကြီးဟာ လေးချိုးကြီး၊ တေးထပ်၊ ခွန်းထောက်၊ သဖြန်၊ ၁၂ ရာသီဘွဲ့လေးချိုး၊ ဒွေးချိုး စတဲ့သီချင်းကဗျာတွေ ရေးခဲ့တယ်။ သူ့ရဲ့လေးချိုးကဗျာကြီးတွေဟာ တွေးပုံ ရေးပုံ ခမ်းနားလှကြောင်း ပညာရှင်တွေက ဆိုကြတယ်။ မြန်မာစာပေလောကမှာ ထင်ရှားကျော်ကြားလှတဲ့ စာရေးဆရာကြီး တက္ကသိုလ်ဘုန်းနိုင်က 'နှင်းငွေတစ်ထောင့် မိုးတစ်မှောင့်' ဆိုတဲ့ခေါင်းစဉ်နဲ့ ဝတ္ထုတစ်ပုဒ်ရေးခဲ့တယ်။ အောင်မြင်ကျော်ကြား လူကြိုက်များလှတဲ့ ဝတ္ထုတစ်ပုဒ်ပါပဲ။ အဲဒီဝတ္ထုခေါင်းစဉ်ဟာ စာဆိုတော်ကြီး လူဦးမင်းရဲ့ '...သက်သက်ကယ်ကြင်ဆွေ၊ ကင်းတဲ့မေလည်း၊ နှင်းငွေတစ်ထောင့်၊ မိုးတစ်မှောင့်နှင့်၊ စိုးနှောင့်ထပ်အောင်၊ အာကာဘောင်ဝယ်...'ဆိုတဲ့ကဗျာပိုဒ်ထဲက ဖြစ်ပါတယ်။ နှစ်တွေကြာညောင်းသွားသည့်တိုင် စာဆိုတော်ကြီး လူဦးမင်းရဲ့အရေးကောင်းပုံ၊ အတွေးလှပုံကို ခေတ်သစ်ပညာရှင်တွေက မြတ်နိုးတန်ဖိုးထားကြတယ်ဆိုတဲ့ သဘောပေါ့ကွယ်။ ပါမောက္ခဆရာကြီး ဦးဖေမောင်တင်ကလဲ 'လူဦးမင်း၏စာများကား ဆေးရောင်စုံဖြင့် ခြယ်လှယ်ထားသော တော တောင်အရုပ်ကားနှင့်တူ၏။ ကွက်ကွက်ကွင်းကွင်းလည်းပေါ်၏။ စိမ်းစိုသော မြက်ခင်းနှင့် မှိုင်းညို့သော တိမ်တောင်တိမ်လိပ်များကိုမြင်ရခြင်းဖြင့် စိတ်တွင်ထိခိုက်၍ ပိုမိုလွမ်းဆွတ်ဖွယ်ဖြစ်၏'လို့ ဂုဏ်ပြုမှတ်တမ်းထားခဲ့ပါတယ်။

ဒီလိုအရေးလှလှ အတွေးလှလှနဲ့ရေးဖွဲ့ခဲ့တဲ့ စာဆိုတော်ကြီး လူဦးမင်းရဲ့ကဗျာတွေ ရွတ်ဆိုကြပါစို့ တေဇကလေးတို့ရေ ...။

'...ကျောက်စက်ကယ်တံခွန်၊ စိမ့်စမ်းသွန်လို့၊ အဝှန်ရောင်ညီး၊ ပလောင်မီးလည်း၊ တောင်ကြီးငယ်သုတ်သင်၊ လုပ်ငန်းယာပြင်ကြတယ်...'

ဒါ စာဆိုတော်ကြီးလူဦးမင်းရဲ့ နွေရာသီဘွဲ့လေးချိုးကြီးထဲက အပိုဒ်ကလေးပါ။ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၅၀ လောက်က တောင်တန်းဒေသရဲ့နွေရှုခင်းလေးပေါ့ကွယ်။ နွေဆိုပေမဲ့ တောရိပ်တောင်ရိပ်နဲ့ အေးမြနေတယ်။ ကျောက်အက်ကွဲကြောင်းတွေကြားက စိမ့်ထွက်နေတဲ့ ရေတံခွန်တွေကလဲ စိမ့်စမ်းသဖွယ် သွန်ကျစီးဆင်းနေတယ်။ ပလောင်တိုင်းရင်းသား တောင်သူဦးကြီးတွေကလဲ တောင်ယာလုပ်ငန်းခွင်ဝင်နိုင်ဖို့ ပြင်ဆင်နေကြသတဲ့။ ယာမီးရှို့သူကရှို့၊ ယာကွက်ဖော်သူကဖော်နေကြတာပေါ့။ ဟိုတုန်းက တောင်ယာခလေ့တစ်ခုပေါ့ကွယ်။ တေဇကလေးတို့ရွတ်ဆိုကြည့်ပါအုံး။

'သစ်သစ်သာဆိုင်းတော့တယ်၊ ရစ်တိုင်းဆင်ပုံမှာ၊ သွင်တစ်ပုံသိန်ကဲပါဘိ၊ တင်ပွဲသန်လျက်ကယ်က၊ ဖန်ချက်ပို၊ ၊ရစ်လှည့်ငယ်ယမုန်၊ မြစ်ပြည့်ငယ်ငုံသည်၊ သုန်သုန်လိုက်လျော၊ ဖော့ဒိုက်မျောလို့၊ မြိုင်ကြောမြည်ဥ၊ စုံတကာလည်း၊ မှုန်နံ့သာရည်၊ ထုံပေါင်းသာစည်တော့တယ်၊ သည်သမယချိန်ဆီကို၊ ကတ္တရီငွေဆိုင်သင်းလို့၊ ရွှေရင်းမာပန်တော်ပွင့်ငယ်က၊ ဘုန်းလင့်ခိုက်ကို...'

တေဇကလေးတို့ အသံထွက်ပြီး ရွတ်ဆိုကြည့်လိုက်ပါ။ ရွတ်လို့ဆိုလို့ကောင်းတဲ့ မိုးဘွဲ့ကဗျာလေးတစ်ပုဒ်ပါ။ ယမုန်ဆိုတာ မြစ်ကိုပြောတာပါ။ ကတ္တရီဆိုတာဝါခေါင်လမှာပွင့်လေ့ရှိတဲ့ ခတ္တာပန်းတစ်မျိုးပါ။ 'ဝါဆိုဝါခေါင် ရေဖောင်ဖောင်' ဆိုတဲ့အတိုင်း ရေဖောင်နေတဲ့မြစ်ပြင်၊ ရေပြည့်နေတဲ့မြစ်ပြင်ထဲမှာ ဒိုက်တွေအမှိုက်တွေ ရေစီးအဟုန်နဲ့ တသုန်သုန်မျောပါနေကြတယ်။ တောတောင်တွေမှာရှိတဲ့ သစ်ကိုင်းခြောက်တွေ၊ သစ်ရွက်ဆွေးတွေဟာ မိုးရေစီးနဲ့အတူ မြစ်ထဲချောင်းထဲ မျောပါလာလေ့ရှိတယ်။ အဲဒါတွေကို ဒိုက်တွေအမှိုက်တွေလို့ခေါ်ကြတယ်။ တောတောင်တွေထဲမှာတော့ မိုးအအေးဓာတ်ကြောင့် သစ်ပင်ပန်းပင်တွေ စိမ်းလန်းဝေဆာနေကြ

သတဲ့။ ပန်းတွေပွင့်နေလိုက်တာ တစ်တောလုံး တစ်တောင်လုံး သင်းထုံမွှေးကြိုင်နေသတဲ့။ စာဆိုတော်ကြီးက မိုး၊ တောတောင်နဲ့ မြစ်ချောင်းတို့ရဲ့ ဆက်နွှယ်နေတဲ့သဘာဝကို မှတ်တမ်းထားခဲ့တာပေါ့ကွယ်။ တေဇကလေးတို့လဲ တွေးကြည့်ကြပါအုံး။

'...ထုံသရေငယ်၊ စုံခြေတစ်လျှောက်၊ လဲလျှံပေါက်နှင့်၊ ဝတ်သောက်ကယ်စံပယ်၊ ငှက်ပန်းသယ်လို့၊ ဆွတ်လှယ်သဘင်၊ အတင်တင်ကို၊ မြင်မရှုရက်၊ ဖြေရေးတော်ခက်တယ်မို့...'

ဒီအပိုဒ်ကလေးကို ထပ်ကာထပ်ကာ ရွတ်စေချင်တယ် တေဇကလေးတို့။ တောတောင်ရဲ့ ကြည်နူးသာယာ ကျက်သရေပြည့်စုံနေပုံကို ခံစားရပါလိမ့်မယ်။ ငှက်ကလေးတွေ ပန်းဝတ်ရည်သောက်သုံးပြီး ဝတ်မှုန်ကူးကာ စံပျော်နေပုံကို 'ဝတ်သောက်ကယ်စံပယ်၊ ငှက်ပန်းသယ်လို့၊ ဆွတ်လှယ်သဘင်' လို့ ဖတ်ရတာ ကြည်နူးစရာပေါ့နော်။ ငှက်ကလေးတွေဟာ ပန်းတွေပွင့်ဖို့၊ အပင်တွေသီးနိုင်ဖို့ အရေးပါတယ်ဆိုတာ သိရတာပေါ့ကွယ်။

တေဇကလေးတို့ရေ...မိတ္ထီလာကန်တော်ကြီးကို ရောက်ဖူးမြင်ဖူးကြမှာနော်။ လူခပ်သိမ်းအတွက် ကန်ဆည်တူးဖော်ခဲ့ပုံကို '...လောကီရတနာ၊ တည်စေရာဟု၊ ဘုန်းသာအံ့လောက်၊ ကြငှန်းဆောက်၍၊ ထပ်လှောက်ပည်းထူ၊ ဆည်တော်လေမူခဲ့သည်...' လို့ စာဆိုတော်ကြီး လူဦးမင်းက မှတ်တမ်းထားခဲ့တယ်။ သဘာဝမိုးရေ ချောင်းရေတွေ အလဟဿမဖြစ်ရလေအောင် ထိန်းသိမ်းခဲ့တာပေါ့ကွယ်။ မိတ္ထီလာကန်ကြီးရဲ့ သာယာလှပပုံ၊ ရေတွေအမြဲစိမ်းမြကြည်လင်နေပုံ၊ ထူးခြားအံ့သြဖွယ်ကောင်းပုံတွေကို '...ကြိုးကြာမရောက်၊ ရေမနောက်၍၊ နတ်သောက်ကယ်မှန်လှ၊ ကန်လုံးလှလို့၊ ဖြဖြငယ်လည်၊ မြရေကြည်တွေ စမ်းကစိမ့်သနှင့်...' လို့ ရေးဖွဲ့ခဲ့ပါတယ်။ ကြိုးကြာမရောက်ဆိုတာ မိတ္ထီလာကန်မှာ ဟိုတုန်းကတည်းက ရေပိုလွှဲအပေါက်တွေရှိတယ်။ အပေါက်တိုင်းမှာ တိုင်တစ်တိုင်ရှိတယ်။ တိုင်တစ်တိုင်ရဲ့ ထိပ်မှာ ကြိုးကြာငှက်ရုပ်ကလေးရှိတယ်။ ကန်ရေတွေဟာ ဘယ်လောက်တိုးတိုး ကြိုးကြာရဲ့နှုတ်သီးအထိ မရောက်ဘူးတဲ့ကွယ်။ အခုခေတ် ရေမှတ်တိုင်းတဲ့ တိုင်လိုပေါ့ကွယ်။ အခုတော့ ကြိုးကြာရုပ်မရှိတော့ပေမဲ့ တိုင်တွေကျန်နေသေးတယ်လို့ မိတ္ထီလာတက္ကသိုလ်က သုတေသနပညာရှင် ဆရာတစ်ဦးက ရှင်းပြခဲ့ဖူးတယ်။

စာဆိုတော်ကြီးလူဦးမင်းရဲ့ ထူးခြားတဲ့ လေးချိုးကြီးတစ်ခုထဲက ကဗျာပိုဒ်လေးတွေ ရွတ်ကြအုံးစို့။ စာဆိုတော်ကြီးဟာ လျှောင်လှုပ်တာကို ကဗျာစပ်ပြီး မှတ်တမ်းထားခဲ့တယ်။ မြေထုလှုပ်ရှားပြီး လျှောင်တော်လည်းသံတွေကြားရပုံကို '...သီလာပံသု၊ မြေအထုထက်၊ အောင်ဆုဇေယျော်၊ ခြိမ့်ကြွေးကြော်လို့...'ဆိုပြီး ဖွဲ့ခဲ့တယ်။ မြေငလျင်ကြီး ပြင်းပြင်းထန်ထန်လှုပ်လို့ ချာချာလည်နေပုံ၊ ကုန်းမြေနေရာလပ်မကျန်အောင်လှုပ်ပုံကို '...ချာချာတုန်ဆတ်၊ ကွက်မလပ်အောင်၊ ရွက်စပ်ကယ်ကြည်းဟည်...'လို့ မှတ်တမ်းထားခဲ့တယ်။ ဒီငလျင်ကြီးဟာ ကုန်းဘောင်မင်းတရားကြီး ခေါ်ဟံသာဝတီမင်းနန်းတက်ပြီး ၂ နှစ်ခန့်အကြာ မြန်မာသက္ကရာဇ် ၁၂၀၁ ခု၊ ခရစ်နှစ် ၁၈၃၉ ခုနှစ်မှာ လှုပ်ခဲ့တဲ့ငလျင်ကြီးလို့ ခန့်မှန်းရပါတယ်။ ဒီငလျင်ကြီးကို အင်းဝငလျင်လို့ သမိုင်းမှာထင်ရှားလှပါတယ်။ ဒီလို သမိုင်းဝင်ငလျင်ကြီးကို စာဆိုတော်ကြီးက မှတ်တမ်းကဗျာစပ်ခဲ့တာဟာ ဂုဏ်ယူစရာကောင်းလှပါတယ် တေဇကလေးတို့ရေ...။

တေဇကလေးတို့ရေ...လူဦးမင်းရဲ့ စာကဗျာလေးတွေကိုရွတ်ဆိုပြီး တွေးတောပြီး နှစ်သက်ပျော်ရွှင်ကြပါစေကွယ်။ ။

**ဇော်မြင့်နီ**

**စာကိုး**

၁။ မြန်မာစာညွှန့်ပေါင်းကျမ်း(ဒုတိယတွဲ)၊ ၂၀၂၁၊ စိတ်ကူးချိုချိုစာပေ။
၂။ မြန်မာစာပေခရီး၊ မောင်ခင်မင် (ဓနုဖြူ)၊ ၂၀၁၄၊ ရာပြည့်စာပေ။
၃။ မြန်မာစာပေသမိုင်း၊ ဦးဖေမောင်တင်၊ စပယ်ဦးစာပေ။
၄။ စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ မောင်သုတ၊ ၂၀၀၂၊ ရာပြည့်စာပေ။

မြန်မာမှုဥပစာစကား

# ဆူးကြောင့်ခလုတ်

ရေနံ့သာမောင်ကျော်ညွန့်




မြေးဖြစ်သူက သူ့အဒေါ် အိမ်ကို အလည်သွားရာက ပြန်ရောက်လာတယ်။ သူ့မျက်နှာက မှို့ရလာတဲ့ မျက်နှာမျိုး။ ပြုံးရွှင်နေတာပဲ။

"ငါ့မြေးမျက်နှာကတော့ ပြုံးရွှင်နေတာပဲ၊ သားအဒေါ်က မုန့်တွေအများကြီးကျွေးလိုက်ပြီ ထင်တယ်"

အဒေါ်ရဲ့အိမ်က ပြန်ရောက်ရောက်ချင်း ကျုပ်ဘေးနားရောက်လာတဲ့ မြေးဖြစ်သူကိုကြည့်ပြီး မေးလိုက်တယ်။

"ဟုတ်တယ် ဘဘ၊ ဒေါ်ဒေါ်ကမုန့်တွေဝယ်ကျွေးတာအများကြီးပဲ၊ မုန့်ဝယ်ကျွေးတဲ့အပြင် မုန့်ဖိုးဆိုပြီး တစ်သောင်းပေးလိုက်သေးတယ်ဘဘ"

မြေးဖြစ်သူက သူရလာခဲ့တဲ့ တစ်သောင်းတန်ငွေစက္ကူတစ်ရွက်ကိုဝမ်းသာအားရထုတ်ပြနေတယ်။

"ဟော...သားအဒေါ်က မုန့်ဖိုးတစ်သောင်းတောင်ပေးလိုက်တယ်၊ များလှချေလားကွ"

"ဒီနေ့မနက် ဒေါ်ဒေါ်ကနှစ်လုံးထီပေါက်တာတဲ့ဘဘ၊ တစ်သောင်းဖိုးပေါက်သတဲ့၊ တစ်သောင်းဖိုးပေါက်တော့ ရှစ်သိန်းရတယ်တဲ့၊ ဒါကြောင့် မုန့်တွေလဲ အဝဝယ်ကျွေးတယ်၊ မုန့်ဖိုးတစ်သောင်းကိုလဲ ပေးလိုက်တယ်"

တရားမဝင်တဲ့နှစ်လုံးထီက ရွာတွေအထိပြန့်နေပြီ။ အချို့ဆို နှစ်လုံးထီကြောင့် စုဆောင်းထားတာတွေကုန်တဲ့အပြင် အခြေမဲ့အနေမဲ့ဘဝ ရောက်သွားကြတယ်။ ဒါကို မသိတဲ့ ကျုပ်မြေးက သူ့ဒေါ်ဒေါ် နှစ်လုံးထီပေါက်တာကို ဝမ်းသာအူမြူးဖြစ်နေတယ်။ ဝမ်းသာအားရ ပြောပြနေတယ်။ ကျုပ်ကတော့ ဝမ်းမသာနိုင်ဘူး။

"သြော်...သားဒေါ်ဒေါ်က နှစ်လုံးထီပေါက်သတဲ့လား၊ ဘဘကတော့ ဝမ်းမသာနိုင်ဘူးကွာ၊ ဒါက ဝမ်းသာစရာလဲမဟုတ်ဘူး"

"ဘဘက ဘာလို့ဝမ်းမသာတာလဲ၊ သားသားလို မုန့်ဖိုးမရလို့ ဝမ်းမသာတာလား ဘဘ"

"မဟုတ်ပါဘူးကွာ၊ နှစ်လုံးထီပေါက်လို့ရတဲ့ပိုက်ဆံက လောင်း

ကစားနည်းတစ်မျိုးနဲ့ရတဲ့ပိုက်ဆံပဲမြေးရဲ့၊ လောင်းကစားနည်းနဲ့ရတဲ့ပိုက်ဆံက မတည်မြဲဘူး၊ ဒါကြောင့် ဝမ်းမသာတာပါ"

"ဘဘကလဲ လောင်းကစားနည်းနဲ့ရတဲ့ပိုက်ဆံမဟုတ်ပါဘူး၊ နှစ်လုံးထီပေါက်လို့ရတဲ့ပိုက်ဆံပါ"

ရွာထဲမှာရှိတဲ့သူအချို့က နှစ်လုံးထီကို စီးပွားရေးလုပ်ငန်းတစ်ခုလို ထင်မှတ်နေကြတယ်။ မိမိရဲ့စားဝတ်နေရေးအတွက် မိမိလုပ်ဆောင်ရမဲ့လုပ်ငန်းဆောင်တာတွေကိုမေ့နေကြတယ်။ နှစ်လုံးထီဖွင့်မဲ့ရက်ကိုပဲ မျှော်နေကြတာ အလုပ်ပျက်အကိုင်ပျက်ပဲ။ အလုပ်အကိုင်ပျက်တော့ဝင်ငွေမရှိဘူး။ ဝင်ငွေမရှိတဲ့အပြင် နှစ်လုံးထီထိုးလို့ကုန်တဲ့ပိုက်ဆံတွေက နေ့စဉ်လိုလိုဒလဟောထွက်နေတယ်။

"ဟုတ်ပါတယ်၊ သားဒေါ်ဒေါ်က နှစ်လုံးထီပေါက်တာပါ၊ အဲဒီနှစ်လုံးထီဆိုတာ လောင်းကစားနည်းတစ်မျိုးပါပဲ၊ တရားဝင်ထီမဟုတ်ပါဘူး၊ နေ့လယ်တစ်ကြိမ် ညနေတစ်ကြိမ်နဲ့ တစ်နေ့ကိုနှစ်ကြိမ်ဖွင့်တာပါ၊ စနေ၊ တနင်္ဂနွေပိတ်ရက်နဲ့ အခြားပိတ်ရက်တွေမှာတော့ မဖွင့်ဘူးပေါ့၊ ပေါက်ရင်တော့ ပိုက်ဆံရတယ်၊ မပေါက်ရင်တော့ ပိုက်ဆံကုန်တယ်၊ ပေါက်ဖို့ဆိုတာကလဲ မသေချာမရေရာဘူး၊ မသေချာမရေရာတာကို ပေါက်နိုးပေါက်နိုးနဲ့ထိုးနေကြတာ၊ အဲဒီနှစ်လုံးထီဆိုတာက ပေါက်ခဲတယ်၊ ပေါက်တာနဲ့ထိုးတာကမကာမိဘူး၊ ဒီတော့ ထိုးရင်းထိုးရင်းနဲ့စီးပွားမတက်ဘဲ စီးပွားပျက်သူတွေအများကြီးပဲ၊ အချို့ဆို စီးပွားမတက်၊ စီးပွားပျက်ရုံမက ဘဝပါပျက်ကြရတယ်၊ အားကျစရာမဟုတ်ပါဘူးမြေးရေ" လို့ ရှင်းပြလိုက်တယ်။

ဒီတော့ မြေးဖြစ်သူက "ရွာထဲမှာတော့ နှစ်လုံးထီကို အတော်များများက ထိုးနေကြတာပဲဘဘ" လို့ပြောပြန်တယ်။

"ပိုက်ဆံကိုအလွယ်တကူနဲ့ အချောင်ရချင်တဲ့သူတွေက ထိုးကြတာပေါ့ကွာ၊ နှစ်လုံးထီ၊ သုံးလုံးထီအပြင် အလောင်းအစားနဲ့ လောင်းကစားလုပ်နေတဲ့သူတွေက ပိုက်ဆံကို အလွယ်တကူအချောင်လိုချင်လို့ပါ၊ ပိုက်ဆံဆိုတာက အလွယ်တကူအချောင်မရဘူး၊ အလွယ်တကူအချောင်ရတဲ့ပိုက်ဆံကလဲ တန်ဖိုးမရှိပါဘူး၊ အလွယ်တကူအချောင်ရတဲ့ပိုက်ဆံက အလွယ်တကူကုန်သွားတာပါပဲ၊ မတည်မြဲပါဘူး၊ ကိုယ်စွမ်းဉာဏ်စွမ်း ကိုယ့်အင်ကိုယ့်အားနဲ့လုပ်ကိုင်မှ ပိုက်ဆံရတာ၊ အဲဒီလိုရတဲ့ပိုက်ဆံက တန်ဖိုးလဲရှိတယ်၊ တည်လဲတည်မြဲတယ်၊ ပိုက်ဆံရအောင်ရှာတယ်ဆိုတာက တိုးတက်မြင့်မားတဲ့ဘဝကိုတည်ဆောက်ချင်လို့ပါ၊ လောင်းကစားလုပ်ငန်းကနေ ရလာတဲ့ပိုက်ဆံနဲ့ကတော့ တိုးတက်မြင့်မားတဲ့ဘဝကို မတည်ဆောက်နိုင်ပါဘူး၊တိုးတက်မြင့်မားအောင်တည်ဆောက်နေရတဲ့ဘဝလမ်းပေါ်မှာ ဆူးငြောင့်ခလုတ်တွေရှိတယ်၊ အလောင်းအစားလုပ်တဲ့ လောင်းကစားလုပ်ငန်းတွေကတော့ ဘဝလမ်းရဲ့ ဆူးငြောင့်ခလုတ်တွေပါပဲ"လို့ အကျယ်တဝင့်ပြောပြလိုက်တယ်။

မြေးဖြစ်သူက စိတ်ဝင်တစားနားထောင်နေတာကြောင့် "ဘဘပြောလိုက်တဲ့ ဆူးငြောင့်ခလုတ်ဆိုတာကလဲ ဥပစာစကားပါ၊ ဆူးငြောင့်ခလုတ်ဆိုတာက အနှောင့်အယှက်ပေးနေတဲ့အဆီးအတားပါပဲ"

ဆူးငြောင့်ခလုတ်ဆိုတဲ့ဥပစာစကားကိုပါ တစ်ဆက်တည်းရှင်းပြပေးလိုက်ပါတယ်။ ဒီတော့ မြေးဖြစ်သူက "လောင်းကစားလုပ်တဲ့သူက တိုးတက်မြင့်မားတဲ့ဘဝကိုမရောက်နိုင်ဘူးပေါ့နော် ဘဘ"လို့ ခေါင်းတညိတ်ညိတ်နဲ့ပြောနေတယ်။

"ဟုတ်ပါ့မြေးရယ်၊ ဟုတ်ပါ့၊ လောင်းကစားအလုပ်တွေက တိုးတက်မြင့်မားတဲ့ဘဝကိုမရောက်အောင် နှောင့်ယှက်ဆီးတားနေတဲ့ ဆူးငြောင့်ခလုတ်တွေပါပဲဗျာ၊ မြေးလေးလဲ တိုးတက်မြင့်မားတဲ့ဘဝကို ပိုင်ဆိုင်ချင်တယ်ဆိုရင် လောင်းကစားတာကို အခုအရွယ်ကတည်းက ရှောင်ကြဉ်ရမယ်နော်"လို့ သတိပေးလိုက်တယ်။

ဒီတော့ မြေးဖြစ်သူက "ဟုတ်ကဲ့ပါဘဘ၊ ဘယ်တော့မှ လောင်းကစားမလုပ်ပါဘူး"လို့ ပြုံးပြုံးကြီးနဲ့ ကတိပေးနေပါတော့တယ်။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

တေဇလူငယ်နှင့် အငြင်းသန်ခြင်း

# လူမှုဝန်တာကျေသူများ ဖြစ်ကြပါစေ

မောင်ဖျော်(ပေတစ်ပင်)




ချစ်တဲ့တူ၊ တူမလေးတို့ရေ… ဦးဌေး ဖေ့စ်ဘွတ်ခ်မှာဖတ်မိတဲ့စာသားလေးတစ်ခုကို သဘောကျမိတာနဲ့ဆက်စပ်ပြီး မင်းတို့တစ်တွေကို ပြောချင်တာလေးတွေ ရှိလာလို့ ဒီစာလေးကိုရေးလိုက်ရတာပါကွာ။ ဘယ်သူတင်လိုက်တယ်တော့မမှတ်မိတော့ဘူး။ သူတင်ထားတာက 'မြစ်ကြောင်းကျဉ်းရင် ရေစီးသန်တယ်၊ လူအမြင်ကျဉ်းရင် အငြင်းသန်တယ်' တဲ့။ တခြားသူတော့ မပြောတတ်ဘူး။ ဦးဌေးတော့ ကိုယ့်အနေအထားနဲ့ တိုက်ဆိုင်ကြည့်ပြီး အဲဒီစာသားကို 'ဟုတ်တာပဲ'လို့ သဘောကျမိတယ်ကွဲ့။ တူ၊ တူမလေးတို့ကော ဘယ်လိုမြင်မိသလဲကွယ်။

သူ့စာထဲမှာပါသလိုပဲ မြစ်ကြောင်းကျဉ်းရင် ရေစီးသန်တာ

အမှန်ဖြစ်သလို လူတွေမှာ အမြင်ကျဉ်းမြောင်းရင်လဲ အငြင်းအခုံသန်တာအမှန်ပဲကွဲ့။ တခြားသူအကြောင်းမပြောပါဘူး။ ဦးဌေးအကြောင်းပဲပြောပါရစေ။

ဦးဌေး ဆယ်ကျော်သက်အရွယ်က အငြင်းသန်သူတစ်ယောက်ဖြစ်ခဲ့သကွဲ့။ ကိုယ်က စာဖတ်ပေဖတ်ဝါသနာပါတော့ စာတွေဖတ်လာရင်း ဗဟုသုတက အနည်းအကျဉ်းလောက်ရှိနေပြီလေ။ အဲဒီဗဟုသုတနည်းနည်းလေးကို ဧရာမအသိကြီးထင်ပြီး ဘာကိစ္စဖြစ်ဖြစ် လူတတ်ကြီးလုပ်ပြီး ငြင်းခုံရတာကို တယ်ဝါသနာထုံသကိုး။ အဲဒီလို အငြင်းကောင်းလို့ သူငယ်ချင်းတွေနဲ့ ခဏခဏရန်ဖြစ်ရ၊ မခေါ်မပြောနိုင်ဖြစ်ရပေမဲ့ အငြင်းသန်တဲ့ဝါသနာကိုတော့ ဦးဌေး မလျှော့ခဲ့ဘူးကွဲ့။ ‘ငါကအမှန်ပြောတာ’ဆိုတဲ့အချက်ကိုကိုင်စွဲထားပြီး လာပြိုင်ရင် ငြင်းတာပဲဟေ့။

အဲ…ဦးဌေးငြင်းခုံတာကို နည်းနည်းဘရိတ်အုပ်မိတာက ဦးနုဘာသာပြန်တဲ့ မိတ္တဗလင်္ဒီကာဆိုတဲ့စာအုပ်ဖတ်မိချိန်ပဲ။ အတိုချုပ်ပြောရရင် ကိုယ်အမှန်သိထားတဲ့အကြောင်းအရာတစ်ခုကို ညစာစားပွဲတစ်ခုမှာ အခုမှသိရတဲ့သူတစ်ယောက်က တလွဲပြောနေတာနားထောင်ရင်း စာရေးသူက မဟုတ်ကြောင်းဝင်ငြင်းတယ်။ ဟိုလူကလဲ ပရိသတ်ကြားထဲ အခုလိုလာငြင်းတော့ ရှက်တာလဲပါမယ်။ ပြန်ငြင်းတာပေါ့။ အဲဒီမှာ စာရေးသူရဲ့သူငယ်ချင်းက ငြင်းနေတဲ့ စာရေးသူရဲ့ခြေထောက်ကို စားပွဲအောက်ကနေ လှမ်းတို့လိုက်တယ်။ သဘောက ‘ဘာမှထပ်မပြောနဲ့တော့’ပေါ့။

သူငယ်ချင်းက စာရေးသူကိုတားပြီး တစ်ဖက်လူကိုကျ ‘ဟုတ်ပါတယ်။ ခင်ဗျားပြောတာ မှန်ပါတယ်’လို့ ထောက်ခံစကားဆိုတယ်။ အဲဒီပွဲကအပြန်မှာ စာရေးသူက သူပြောတာဟုတ်ရဲ့သားနဲ့ ဘာလို့မပြောဖို့သတိပေးရသလဲ။ မှားနေတဲ့တစ်ဖက်သားကိုကျ မှန်ပါတယ်လို့ ဘာကြောင့်ပြောရတာလဲဆိုပြီး သူငယ်ချင်းကိုပေါက်ကွဲတာပေါ့။ အဲဒီမှာ သူငယ်ချင်းက ‘ဟုတ်တယ်၊ သူပြောတာအမှားကြီးဆိုတာ ငါသိတယ်။ ဒါပေမဲ့ မင်း စဉ်းစားကြည့်။ ဒီဘာမဟုတ်တာလေးကို အနိုင်ရအောင်ငြင်းခုံခြင်းကြောင့် ကိုယ့်မှာဘာအကျိုးရှိမလဲ။ မိတ်ဆွေတစ်ဦးဆုံးရှုံးတာပဲ အဖတ်တင်တော့မပေါ့’လို့ ရှင်းပြမှ စာရေးသူက အမှန်ကိုမြင်သွားတဲ့အကြောင်းလေးပေါ့။ ဖတ်မိတာကြာပြီမို့ စာလုံးအတိမ်းအစောင်းတော့ရှိနိုင်ပါတယ်။ ဒါပေမဲ့ ငြင်းခုံခြင်းဟာဆိုးကျိုးကိုသာဖြစ်စေတယ်ဆိုတဲ့ မက်ဆေ့ချ်ကတော့ အမှန်ပါ။ အဲဒီစာလေးဖတ်ပြီး ဦးဌေး ငြင်းခုံခြင်းအပေါ်မှာ နည်းနည်းတွန့်ဆုတ်လာတယ်။ ကျားကုတ်ကျားခဲ ငြင်းခုံတာမျိုးကို ရှောင်တတ်လာတယ်။ ဒါပေမဲ့ လုံးဝမငြင်းတော့တာတော့ မဟုတ်ဘူးကွဲ့။ လမ်းကြုံရင်ငြင်းသေးတယ်လေ။

ဦးဌေး ငြင်းခုံခြင်းကို လုံးဝစွန့်လွှတ်လိုက်တာကတော့ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်ရဲ့ဝတ္ထုတစ်ပုဒ်က စာသားလေးကိုဖတ်မိပြီးချိန်မှာပဲ။ ဆရာကြီးကရေးထားတယ်။ ‘ကိုယ်ဆွဲထားတဲ့နွယ်ပင်က အရင်းလား၊ အဖျားလားမသိဘဲနဲ့ ငြင်းခုံခြင်းဟာ အလွန်မိုက်မဲတဲ့အလုပ်လို့ သိလာချိန်ကစပြီး ငြင်းခုံခြင်းကို ကျွန်တော်စွန့်လွှတ်ခဲ့ပါတယ်’တဲ့။ ဆရာကြီးရဲ့ အဲဒီစာသားလေးကို ဖတ်မိချိန်ကစပြီး ဦးဌေးလဲ ငြင်းခုံတဲ့အလုပ်ကို စွန့်လွှတ်ပစ်လိုက်တာ ဒီနေ့အထိပါပဲ။ တစ်ခါတလေ

> ‘ဟုတ်တယ်၊ သူပြောတာအမှားကြီးဆိုတာ ငါသိတယ်။
> ဒါပေမဲ့ မင်း စဉ်းစားကြည့်။ ဒီဘာမဟုတ်တာလေးကို
> အနိုင်ရအောင်ငြင်းခုံခြင်းကြောင့် ကိုယ့်မှာဘာအကျိုးရှိမလဲ။
> မိတ်ဆွေတစ်ဦးဆုံးရှုံးတာပဲ အဖတ်တင်တော့မပေါ့’



အမှန်တရားကို ကိုယ်ကသိနေလျက်နဲ့ တစ်ဖက်ကအမှားကြီးလာပြောရင်တောင် အရင်ကလို ဦးဒွေး မငြင်းတော့ဘူး။ 'ဟုတ်လား၊ ကျွန်တော်သိတာက အဲဒီလိုလားလို့၊ ဆရာပြောတာဟုတ်မှာပါ။ ကျွန်တော်အသိလွဲနေတာထင်ပါရဲ့'ဆိုတဲ့ စကားမျိုးလေးတွေသုံးခဲ့တယ်။ တစ်ဖက်သားက အမှန်ကိုသိပြီး ဦးဒွေးဆီမှာလာဝန်ခံရင်လဲ ဦးဒွေးက 'ငါအမှန်သမား'လို့ဂုဏ်မခံဘဲ 'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ဗျ'လို့ပဲ တစ်ဖက်သူသိက္ခာမကျအောင် ပြန်ပြောတတ်လာတယ်။ ဒီတော့ သူနဲ့ကိုယ်ကြား ဘာအမှန်းမှမပွားတော့ဘဲ မိတ်ဆွေစစ် ခရီးရှည်တာပေါ့ကွယ်။

အနာဂတ်အညွန့်အဖူးလေးတွေဖြစ်တဲ့ မင်းတို့တစ်တွေလဲ အငြင်းသန်စိတ်တွေရှိရင် အစကတည်းက လျှော့ကြဖို့သတိပေးချင်တယ်ကွယ်။ ငြင်းခုံခြင်းဟာ ဘာအကျိုးကျေးဇူးမှမရဘဲ ဆိုးကျိုးကိုသာဖြစ်စေတာ ဦးဒွေးကိုယ်တွေ့ကွဲ့။ သူငယ်ချင်းအချင်းချင်း ဘာမဟုတ်တဲ့ကိစ္စလေးကိုအငြင်းအခုံပြုရင်း အမုန်းကြီးမုန်းသွားကြတာတွေကို ဦးဒွေး တွေ့ကြုံဖူးတယ်လေ။ တူ၊ တူမလေးတို့တစ်တွေက အသက်ငယ်ငယ် အသိမကြွယ်သေး စိတ်က မရင့်ကျက်သေးတော့ ထင်ရာစိုင်းပြီး ငါတကောကော ငြင်းခုံသူတွေဖြစ်မှာစိုးလို့ပါကွယ်။

အင်းဝခေတ်မှာ ဆရာတော်ရှင်မဟာရဋ္ဌသာရဆိုတာ နာမည်ကြီး စာဆိုတော်ကြီးတစ်ပါးပေါ့။ သာသနာ့ဝန်ထမ်းဖြစ်ပေမဲ့ ငယ်ရွယ်စဉ်ကတော့ ပုထုဇဉ်ပီပီ ဂုဏ်မာန်တက်ခဲ့ ငြင်းခုံမိခဲ့တာတွေ ရှိမှာပေါ့ကွယ်။ သက်တော်ကြီးလာတော့ အဲဒီအမှားတွေကိုပြန်ဆင်ခြင်မိတယ်ထင်ပါရဲ့။ နှုတ်ငေါက်လွန်ကျူးမိတဲ့အမှားတွေရှိရင် သူ့ကိုခွင့်လွှတ်ဖို့ ဆရာတော်ကြီးက သူ့ရဲ့ နာမည်ကြီးပျို့တစ်စောင်ဖြစ်တဲ့ ကိုးခန်းပျို့နိဂုံးမှာ 'ငါနှင့်ငါသာ၊ နှိုင်းစရာဟု၊ ပညာမုန်ယို၊ အရွယ်ပျိုက၊ မဆိုစလောက်၊ မာန်စောင်မြောက်၍၊ နှုတ်ငေါက်လွန်မိ၊ ဒေါသရှိလည်း၊ နှောင်းပြီတစ်ခါ၊ ရှိသေစွာလျှင်၊ ဤစာကိုးခန်း၊ ပုလဲပန်းဖြင့်၊ စိတ်ကျန်းမာန်လျှော့၊ ငါကန်တော့၏...'လို့ တောင်းပန်ခဲ့သကွဲ့။ ပညာရှိသူတော်ကောင်းတွေ ပင်လျှင် ငယ်ရွယ်စဉ်အခါက စိတ်အလျောက် မာန်အလျောက် မှားခဲ့ဖူးရင် ဦးဒွေးတို့လို လူသာမန်တွေကတော့ ပြောမနေနဲ့ပေါ့ကွယ်။ ဒါဖြင့် ကျွန်တော်၊ ကျွန်မတို့လဲ မှားခွင့်ရှိတာပေါ့နော်လို့တော့ စကားကတ်ပြီး မပြောကြနဲ့ပေါ့။

အကယ်၍ မှားခဲ့ရင်လဲ အထက်က ဦးဒွေးပြောခဲ့သလို စကားငြင်းခုံပြီး ရန်ဖြစ်ရတဲ့အမှားမျိုးတော့ မဖြစ်ကြစေနဲ့ပေါ့။ ငြင်းခုံတယ်ဆိုတာ နိုင်လဲမကောင်း၊ ရှုံးလဲမကောင်းတဲ့အရာတစ်ခုပါကွယ်။ အကျီစားသန်ရင် ရန်ဖြစ်တတ်သလို အငြင်းအခုံသန်ရင်လဲ လူမုန်းများတတ်တယ်ဆိုတာ မမေ့ကြပါနဲ့။


ကဲ...ဒီနေ့ ဦးဒွေးပြောချင်တာကတော့ ဒီလောက်ပါပဲကွယ်။ တူ၊ တူမလေးတို့တစ်တွေ အမြင်ကျဉ်းပြီး အငြင်းသန်သူတွေမဖြစ်ကြဘဲ လေ့လာဆည်းပူးမှုအားကောင်းစွာနဲ့ လူမှုဝန်တာကျေပွန်သူများဖြစ်နိုင်ကြပါစေကွယ်။ ။

**တူ၊ တူမလေးတို့ရဲ့**
**ချစ်သောဦးဒွေး**
**မောင်ဖျော်(ပေတစ်ပင်)**


ကိုယ်ပိုင် အရည်အချင်း
ဇော်ထက် ရေးဆွဲသည်..
Own ability
Cartoon: ZT
Tr: BMK
တစ်ခါတုန်းက တောအုပ်တစ်ခုမှာ ရှဉ့်ကလေးတစ်ကောင် ရှိတယ်...သူ့ကိုယ်သူဝင့်ကြွားချင်တဲ့စိတ်ရှိတယ်။
Once upon a time, there was a squirrel in a forest. He wanted to be boastful.
ငါကအမြီးမွေးပွနဲ့ လှပတဲ့ကောင်
"I'm beautiful with a bushy tail."
သစ်ပင်ထက်မှာနေ...သစ်ကြားသီးစားတဲ့ကောင်ပါ။
"I live in the tree and eat walnuts."
လည်ပင်းကရှည်...အသံပြဲနဲ့ နာမည်က ဘဲငန်း
"You have a long neck and your sound is bad. Your name is Swan."
ချိုကားကားနဲ့ ရုပ်က ချုချာတဲ့ နွားကြီး
"You are horned cow and you are ugly."


ဆင်ကနားရွက်ကြီးကြီးနဲ့ခန္ဓာကိုယ် ဘုတ်ဆုံကြီး...။
"The elephant has big ears and bug body."
တဟီးဟီးနဲ့မြင်း...အဖျားတက်နေတာလား
"As the horse shouts 'Hee...Hee', do you have a fever?"
ပေါးလား မျောက်ကြီး..ရှောက်သီးစားမလား
"Big monkey, do you want to eat the lemon?"
နေ့ခင်းမှာအိပ်မက်မက်နေတဲ့ဇီးကွက်...
"The owl is dreaming in the daytime."
ခွေးဘီလူးနာမည်နဲ့လိုက်အောင်ရုပ်ဆိုးလိုက်တာ...
"Bulldog is ugly like your name."
ဟေ့...ယုန်နားရွက်ကရှည်...ဝေလေလေ
"Hey!, Don't long ears rabbit!"



သဘာဝတရားကဖန်တီးပေးထားတာ မကဲ့ရဲ့ပါနဲ့ ရှဉ့်ကလေး...
"Don't mock what the nature creates, squirrel."
ယုန်ကလေးကနားရွက်ထောင် ပညာရှိယောင်ဆောင်...
"Long ears rabbit! Pretending to be wise!"
သစ်ပင်အမြင့်မှာသစ်ကြားသီးစား ပြီးနေတဲ့ကောင်ကွ...။
"I am eating walnuts in a high tree."
မင်းလိုမြေပြင်ပေါ်မှာနေတဲ့ကောင်မဟုတ်ဘူး။
"I don't live on the ground like you."
ငါကအပြောသမားမဟုတ်ဘူး... လက်တွေ့လုပ်ပြမယ်
"I am not only a talker. I will show you in practice."
ရှဉ့်ကလေးကပြောပြောဆိုဆို...နီးရာ သစ်ပင်ပေါ်ကိုပြေးတက်သွားတယ်။
So, saying, the squirrel climbed the nearest tree.


သစ်ကိုင်းတစ်ကိုင်းနဲ့တစ်ကိုင်း ခုန်ပြီးကူးပြသွားတယ်။
He jumped from one branch to another.
သစ်ကိုင်းခြောက်ပေါ်သို့ခုန်ကူးလိုက်စဉ်...
When he jumped on the dry branch,
ကယ်ကြပါဦး...
"Help me!"
ရေမကူးတတ်ဘူး...
"I can't swim."
သစ်ကိုင်းကျိုးကာရေထဲပြုတ်ကျသွားတယ်။
The branch was broken, and he fell into water.
ဘဲငန်းကရေထဲမှရှဉ့်ကိုကယ်ဆယ်ပေးလိုက်တယ်။
The swan saved the squirrel from the water.
သတ္တဝါတိုင်းကိုယ်ပိုင်အရည်အချင်းရှိတာကိုသိပါပြီ..ပြောမှားဆိုမှားရှိရင်ခွင့်လွှတ်ပါ။
"Every animal knows his own skill.
Forgive me if I made a mistake."
ပြီး

တီတီပုံပြောမယ်

# နတ်သားတစ်ပါးနဲ့ ညီအစ်ကိုလေးယောက်

မြရတီ(ဒဿနိက)



ဟိုးရှေးအခါက ကုန်သည်ညီအစ်ကိုလေးယောက်ဟာ ကုန်သွယ်ဖို့ ရွက်သင်္ဘောတစ်စင်း ငှားရမ်းပြီး ပင်လယ်သမုဒ္ဒရာကိုဖြတ်ကာ ခရီးနှင်ခဲ့ကြရာက မုန်တိုင်းမိပြီး ရွက်သင်္ဘောနစ်မြုပ်သွားတဲ့အတွက် အသက်ကယ်လှေလေးနဲ့ ရက်အတော်ကြာအောင် ပင်လယ်သမုဒ္ဒရာထဲ မျောနေတော့တယ်။

တစ်နေ့မနက်မှာတော့ ပင်လယ်သမုဒ္ဒရာထဲက သေးငယ်လှတဲ့ ကျွန်းလေးတစ်ကျွန်းဆီ ရောက်ရှိသွားကြတော့တယ်။ အဲဒီကျွန်းလေးဟာ လယ်မြေတစ်ကွက်စာလောက်ပဲကျယ်ဝန်းပြီး ကျွန်း

ပေါ်မှာ အုန်းပင်တစ်ပင်ကလွဲလို့ ဘာမှမရှိဘူးတဲ့။

ညီအစ်ကိုလေးယောက်ဟာ လူသူတိရစ္ဆာန်ကင်းမဲ့တဲ့ကျွန်းလေးပေါ်မှာ ယောင်ချာချာဖြစ်နေတုန်း ကျောက်ဆောင်တွေကြားကနေ ညိုးညိုးနွမ်းနွမ်း နတ်ဝတ်တန်ဆာဝတ်ဆင်ထားတဲ့ နတ်သားတစ်ပါး ထွက်လာတော့တယ်။

"အို... အသင် သင်ဟာ နတ်သားလား"

"ဟုတ်ပါတယ်၊ ကျွန်ုပ်ဟာ နတ်ပြည်မှာ ကောင်းကောင်းမနေဘဲ နတ်သမီးတွေကို စနောက်လို့ နတ်မင်းကြီးက ဒဏ်ခတ်တဲ့အနေနဲ့ ဒီကျွန်းလေးဆီပို့ထားတာပါ"

"ဖြစ်မှဖြစ်ရလေဗျာ၊ ကျွန်တော်တို့က သင်္ဘောပျက်လာတဲ့ဒုက္ခသည်တွေပါ အသင်နတ်သားရယ်၊ ကျွန်တော်တို့ကို ကူညီနိုင်ရင်ကူညီပါဗျာ"

"အင်း...ဒုက္ခရောက်လာသူတွေကို ကူညီရမှာပေါ့၊ နတ်မင်းကြီးရဲ့ဒဏ်ခတ်မှုကြောင့် ကျွန်ုပ်ရဲ့လိုအင်အတွက် ဘာတစ်ခုမှ ဖန်ဆင်းလို့မရပေမဲ့ သူတစ်ပါးအတွက် ဖန်တီးပေးနိုင်တဲ့ တန်ခိုးဣဒ္ဓိပါဒ်တော့ ရှိပါတယ်"

"ဟာ...အဲဒါဆို ကျွန်တော်တို့တွေအတွက် အသားဟင်းလျာကောင်းကောင်းနဲ့ ထမင်းတစ်ပွဲစီ ဖန်ဆင်းပေးပါလားဗျာ၊ ကျွန်တော်တို့ အစားကောင်းကောင်းမစားရတာ လေးငါးရက်လောက်ရှိပြီဗျ"

ညီအစ်ကိုလေးယောက်အနက် အစ်ကိုအကြီးဆုံးက တောင်းဆိုလိုက်ပေမဲ့ နတ်သားက ခေါင်းခါလိုက်တယ်။

"ထမင်းဟင်းတစ်နပ်စာလောက်အတွက်နဲ့တော့ မတောင်းဆိုစေချင်ဘူး၊ ကျွန်ုပ်က လူတစ်ယောက်အတွက် လိုအင်ဆန္ဒတစ်ခုကိုသာ ဖြည့်ဆည်းပေးပိုင်ခွင့်ရှိတယ်၊ ဒီတော့ သင်တို့ရဲ့တစ်ဘဝလုံးစာအတွက် လိုချင်တဲ့လိုအင်ဆန္ဒတစ်ခုစီသာ တောင်းဆိုပါလေ"

"ဩော်...အဲဒီလိုလား၊ အဲဒါဆိုရင် ကျုပ်က အရမ်းချမ်းသာချင်တာဗျ၊ ဒါကြောင့် ကျုပ်ကို ချမ်းသာကြွယ်ဝအောင် ဖန်ဆင်းပေးပါဗျာ"

"ကောင်းပြီ၊ သင့်ရဲ့လိုအင်ဆန္ဒပြည့်စေ"

နတ်သားက အဲဒီလိုဆိုလိုက်တာနဲ့ ရွှေငွေကျောက်သံပတ္တမြားတွေအပြည့် ရတနာသေတ္တာကြီးဟာ ဘွားခနဲပေါ်လာတော့တယ်။

"ဟာ...ငါချမ်းသာပြီ ချမ်းသာပြီကွ၊ ပျော်လိုက်တာ ပျော်လိုက်တာ၊ ငါ သူဌေးကြီးဖြစ်ပြီ ဖြစ်ပြီ၊ ဟား...ဟား"

အစ်ကိုအကြီးဆုံးပြီးတော့ အစ်ကိုလတ်က ဆန္ဒပြုလေတယ်။

"ကျုပ်က ညီအစ်ကိုလေးယောက်ထဲမှာ ရုပ်အဆိုးဆုံး အကျည်းတန်ဆုံးမို့ ရုပ်တအားချောချင်တယ်ဗျာ၊ ကျုပ်ကို လူမကနတ်တမျှ ချောမောလှပအောင် ဖန်ဆင်းပေးပါ အသင်နတ်သားရယ်"

"ကောင်းပြီ၊ သင့်ရဲ့လိုအင်ဆန္ဒပြည့်စေ"

အဲဒီအခါ အစ်ကိုလတ်ရဲ့ ရုပ်ရည်အဆင်းဟာ ကျောက်ပေါက်မာဗရဗျစ်နဲ့ အင်မတန်အရုပ်ဆိုးပြီး အကျည်းတန်နေရာကနေ ချက်ချင်းဆိုသလို နတ်သားလေးတမျှ ချောမောလှပသွားတော့သတဲ့။

အစ်ကိုလတ်ဟာ ကျောက်

"အင်း.... ဒုက္ခရောက်လာသူတွေကို ကူညီရမှာပေါ့၊
နတ်မင်းကြီးရဲ့ဒဏ်ခတ်မှုကြောင့် ကျွန်ုပ်ရဲ့လိုအင်အတွက်
ဘာတစ်ခုမှ ဖန်ဆင်းလို့မရပေမဲ့ သူတစ်ပါးအတွက်
ဖန်တီးပေးနိုင်တဲ့ တန်ခိုးဣဒ္ဓိပါဒ်တော့ ရှိပါတယ်"



ပေါက်မာတွေမရှိတော့ဘဲ ချောညက်အချိုးကျသွားတဲ့ သူ့ရဲ့မျက်နှာကို လက်နဲ့စမ်းသပ်ကြည့်လိုက်ပြီးတဲ့အခါ ဝမ်းအသာကြီးသာသွားတော့တယ်။

"ဟာ...ငါ့ရဲ့မျက်နှာချောသွားပြီ ချောသွားပြီ၊ ကြည့်စမ်းပါအုံး ငါ့ရဲ့အသားအရေကလဲ အရင်ကလို မည်းခြောက်ခြောက်မဟုတ်တော့ဘဲ စိုပြည်ဝင်းဝါလို့၊ ငါ...ငါ လူချောလူလှတစ်ယောက်ဖြစ်သွားပြီ ဖြစ်သွားပြီ၊ ဝမ်းသာလိုက်တာ ဝမ်းသာလိုက်တာ"

ဒီတစ်ခါတော့ အစ်ကိုငယ်ရဲ့အလှည့်ပဲပေါ့။

"ကျုပ်ကတော့ ရောဂါထူပြောပြီး အမြဲလိုလို ချူချာလှသူမို့ ကျန်းမာရေးအင်မတန်ကောင်းသူဖြစ်ချင်တယ်ဗျာ၊ ကျန်းမာရေးကောင်းပြီး စိုပြည်တောင့်တင်းသူဖြစ်အောင် ကျုပ်ကို ဖန်ဆင်းပေးပါ အသင်နတ်သား"

"ကောင်းပါပြီ၊ သင့်ရဲ့လိုအင်ဆန္ဒအတိုင်း တစ်သက်လုံး နာစေး၊ ချောင်းဆိုးတောင်မဖြစ်ဘဲ ကျန်းမာတောင့်တင်းသူ ဖြစ်စေဗျာ"

အဲဒီအခါ ရှုနာရှိုက်ကုန်းအသွင်နဲ့ အရိုးပေါ်အရေတင်မျှ ပိန်ခြောက်ခြောက်အစ်ကိုငယ်ဟာ ကျန်းမာရေးကောင်းမွန်ပြည့်စုံတဲ့ စိုပြည်တောင့်တင်းသူ ချက်ချင်းဖြစ်သွားတော့တယ်။

"ဟာ...ကျုပ်...ကျုပ် စိုပြည်တောင့်တင်းသူဖြစ်သွားပြီ၊ ရင်ထဲမှာ ဘာဝေဒနာမှလဲ မခံစားရတော့ဘူး၊ ဝမ်းသာလိုက်တာ ဝမ်းသာလိုက်တာဗျာ"

"ကဲ...သင်တစ်ယောက်ပဲ ကျန်တော့တယ်၊ သင့်ရဲ့လိုအင်ဆန္ဒကိုပြောပေတော့"

အဲဒီအခါ ညီအငယ်ဆုံးဟာ သူ့ရဲ့လိုအင်ဆန္ဒကို အေးအေးဆေးဆေးပြောလိုက်တယ်။

"ကျွန်ုပ်ကတော့ အခြားဘယ်အရာကိုမှ မတောင်းဆိုပါဘူး အသင်နတ်သား၊ ဒီကျွန်းလေးကနေ ကျွန်ုပ်တို့ရဲ့ ဇာတိမြို့ဆီပြန်နိုင်စေဖို့ ရွက်သင်္ဘောတစ်စင်းပဲ လိုချင်ပါတယ်ဗျာ"

"ကောင်းပြီ၊ သင့်ရဲ့လိုအင်ဆန္ဒပြည့်ဝစေ"

နတ်သားက အဲဒီလိုပြည့်စေလို့ဆိုလိုက်တာနဲ့ ရွက်သင်္ဘောတစ်စင်းဟာ ကျွန်းစပ်ကရေပြင်ပေါ်မှာ ငွားငွားစွင့်စွင့်ကြီး ထွက်ပေါ်လာတော့သတဲ့။

အဲဒီအခါ အစ်ကိုအကြီးဆုံးဟာ ဝမ်းသာအားရနဲ့ ရတနာသေတ္တာကြီးကိုထမ်းပြီး ရွက်သင်္ဘောပေါ်တက်သွားသလို ကျန်ညီအစ်ကိုနှစ်ယောက်ကလဲ သူ့နောက်ကနေ ဝမ်းမြောက်ဝမ်းသာလိုက်သွားကြတော့တယ်။

ညီအငယ်ဆုံးလေးကတော့ ရွက်သင်္ဘောပေါ်မတက်သေးဘဲ နတ်သားကို ကျေးဇူးတင်စကားဆိုပြီး ဖိတ်မန္တကပြုလေတယ်။

"အသင်နတ်သားရဲ့ ကျေးဇူးတရား ကြီးမားလှပါတယ်ဗျာ၊ အခုဆို အသင်နတ်သားရဲ့ကြည့်ရှုစောင်မမှုကြောင့် ကျွန်ုပ်တို့ အိမ်ပြန်နိုင်ပါတော့မယ်၊ ဒါကြောင့် အသင်နတ်သားကို ကျေးဇူးအင်မတန်

တင်ပါတယ်ဗျာ၊ အသင်နတ်သားလဲ အစားဆင်းရဲ အနေဆင်းရဲခံပြီး ဒီကျွန်းပေါ်မှာ မနေရစ်ခဲ့ပါနဲ့၊ ကျွန်ုပ်တို့နဲ့တစ်ပါတည်းလိုက်ခဲ့ပါ၊ အသင်နတ်သားကို ကျွန်ုပ်ရဲ့အိမ်မှာ ကောင်းကောင်းမွန်မွန်ထားပြီး ကျွေးမွေးပြုစုကျေးဇူးဆပ်ပါရစေ"

ညီအငယ်ဆုံးလေးရဲ့စကားကိုကြားရတော့ နတ်သားဟာ ကျေနပ်ပီတိဖြစ်သွားပြီး အားပါးတရပြုံးလိုက်တယ်။

"အို...လုလင်ငယ် သင်ဟာ သင့်အစ်ကိုတွေလို မိမိရဲ့ကိုယ်ကျိုးအတွက်သာမကြည့်ဘဲ တစ်ပါးသူတွေရဲ့အကျိုးကိုပါ ကြည့်ရှုံမက ကျေးဇူးတရားလဲ သိတတ်သူပေတကား"

"သင့်ရဲ့အစ်ကိုတွေကတော့ သူတို့ရချင်တာ ဖြစ်ချင်တာတွေကိုပဲ သိတယ်၊ ဒီကျွန်းပေါ်မှာ အစာငတ်ရေငတ်နဲ့ အသက်ပျောက်ရမဲ့ဘေးကို မမြင်ကြဘူး"

"သင်ကတော့ အတ္တလောဘကိုဘေးဖယ်ပြီး အားလုံး ဒီကျွန်းကနေ လွတ်မြောက်ကာ အိမ်ပြန်နိုင်ကြစေဖို့ ရွက်သင်္ဘောတစ်စင်းကိုပဲ တောင်းဆိုခဲ့တဲ့အပြင် ကျွန်ုပ်ကိုပါ ကျေးဇူးဆပ်လိုတဲ့အတွက် ဖိတ်မန္တကပြုဖော်ရပေတယ်"

"တကယ်တော့ ကျွန်ုပ်ဟာ လူသားတွေရဲ့အတ္တလောဘကို ကန့်သတ်နိုင်စေဖို့ လူတစ်ဦးအတွက် ဆန္ဒတစ်ခုကိုသာ ဖြည့်ဆည်းပေးနိုင်တယ်လို့ ဆိုခဲ့ခြင်းဖြစ်ပေတယ်၊ အမှန်တော့ ကျွန်ုပ်ဟာ လူသားတစ်ဦးအတွက် ဆန္ဒအများအပြားကို ဖြည့်ဆည်းပေးနိုင်စွမ်းရှိပါတယ်"

"ဒါကြောင့် သင့်ရဲ့ မြင့်မြတ်လှတဲ့စိတ်ထားကို ဂုဏ်ပြုတဲ့အနေနဲ့ သင့်ရဲ့အစ်ကိုတွေ ဆန္ဒပြုခဲ့တဲ့ အရည်အသွေး အခွင့်အရေးအားလုံး သင်ရရှိစေဖို့ ကျွန်ုပ်ဖန်ဆင်းပေးလိုက်မယ်၊ သူတို့ရဲ့လိုအင်ဆန္ဒအားလုံး သင့်၌ပြည့်စေ"

ဒီတင် ညီအငယ်ဆုံးလေးဟာ ကျန်းမာရေးကောင်းမွန်ပြည့်စုံတဲ့ ရုပ်ရည်ချောမောလွန်းသူလေးဖြစ်သွားတဲ့အပြင် ရတနာသေတ္တာကြီးတစ်လုံးကိုပါ ရရှိပိုင်ဆိုင်သွားတော့သတဲ့။

"ကျွန်ုပ်အတွက်တော့ မပူပါနဲ့၊ ကျွန်ုပ်ဟာ မနက်ဖြန်မှာ ဒဏ်ခတ်ခံရတဲ့ကာလ ကုန်ဆုံးတော့မှာမို့လို့ နတ်ပြည်ပြန်ရတော့မယ်၊ သင်တို့သာ လိုရာခရီးကို ဘေးကင်းကင်းနဲ့ နှင်ကြပေတော့"

ဒီလိုနဲ့ နတ်သားကိုနှုတ်ဆက်ပြီးနောက် ညီအစ်ကိုလေးယောက်ဟာ သင်္ဘောကိုရွက်လွှင့်ကာ သူတို့ရဲ့ဇာတိမြို့ဆီ ပျော်ရွှင်စွာထွက်ခွာသွားကြတော့သတဲ့ကွယ်။ ။

မြရတီ(ဒဿနိက)

**စာမျက်နှာ(၃၂)မှအဖြေ**

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| 5 | 1 | 9 | 6 | 2 | 3 | 8 | 4 | 7 |
| 6 | 8 | 4 | 9 | 1 | 7 | 5 | 2 | 3 |
| 7 | 2 | 3 | 5 | 8 | 4 | 9 | 6 | 1 |
| 3 | 9 | 6 | 7 | 4 | 8 | 1 | 5 | 2 |
| 4 | 7 | 1 | 2 | 5 | 6 | 3 | 9 | 8 |
| 8 | 5 | 2 | 1 | 3 | 9 | 6 | 7 | 4 |
| 9 | 6 | 8 | 3 | 7 | 2 | 4 | 1 | 5 |
| 2 | 4 | 5 | 8 | 6 | 1 | 7 | 3 | 9 |
| 1 | 3 | 7 | 4 | 9 | 5 | 2 | 8 | 6 |

တေဇဝတ္ထုတို

# ဖေ့စ်ဘွတ်ခ်

ဝမ်းထက်မိုး(ဖိန့်-အောင်လံ)



ကျောင်းကအပြန် ဧည့်ခန်းထဲတွင် ဖုန်းမြည်သံကြားသဖြင့် သက်လုံးပုံ သွားကြည့်လိုက်ရာ မေမေ့ဖုန်းဖြစ်နေသည်။ မေမေ့ကိုအော်ခေါ်ကြည့်သော်လည်း ပြန်မထူးသဖြင့် အိပ်ခန်းထဲသို့ လာကြည့်မိသည်။ မေမေ ဖုန်းမေ့ကျန်ခဲ့ခြင်းဖြစ်မည်။ ဖုန်းက တောက်လျှောက်ခေါ်နေသဖြင့် သက်လုံးပုံကိုင်လိုက်သည်။

"ဟယ်လို"

"သမီးလား"

"ဟုတ်ပါတယ် မေမေ"

"မေမေ ဖုန်းကျပျောက်သွားတယ်ထင်ပြီး ဆက်ကြည့်တာ၊ တော်ပါသေးရဲ့ အိမ်မှာ ကျန်နေခဲ့လို့၊ ဖုန်းကို သမီးအခန်းထဲမှာ ယူထားလိုက်"

"ဟုတ်ကဲ့ပါ မေမေ"

"ဖေဖေရော မေမေပါ အိမ်အပြန်နောက်ကျမယ်သမီး၊ ဒေါ်ကြီးပုကိုပဲ ထမင်းရှုးကျွေးခိုင်းလိုက်တော့၊ ဆရာမလာရင် ယဉ်ယဉ်ကျေးကျေးဆက်ဆံနော် သမီး၊ စာကိုလဲ ဂရုစိုက်သင်နော်"

"ဟုတ်ကဲ့ပါ...မေမေ"

မေမေကဖုန်းချသွားပြီ ဖြစ်သည်။ ဒေါ်ကြီးပုက မီးဖိုချောင်ထဲတွင် ချက်ပြုတ်နေသဖြင့် သက်လုံးပုံလည်း အိပ်ခန်းထဲသို့ ဝင်လာခဲ့လိုက်သည်။ အဝတ်အစားလဲနေစဉ် မေမေ့ဖုန်းဆီမှ အသံများမြည်နေသည်။ သက်လုံးပုံကြည့်လိုက်ရာ စာရေးပို့နေသည်ကို တွေ့ရသည်။ အပြန်အလှန်ရေးထားသောစာများကို ဖတ်ကြည့်လိုက်ရာ မေမေက ပုံပါချိတ်ထဘီများ၏ ဈေးနှုန်းများမေးထားခြင်းဖြစ်သည်။ တစ်ဖက်က ဈေးနှုန်းများကို အကြောင်းပြန်နေခြင်းဖြစ်သည်။ သက်လုံးပုံလည်း မလုပ်တတ်သဖြင့် ဒီအတိုင်းကြည့်နေလိုက်သည်။

ဆရာမ လာတော့မည်ဖြစ်ရာ ပေးထားသောအိမ်စာများကို ပြန်လည်နွှေးနေသည်။ သက်လုံးပုံကို ဖေဖေတို့က အိမ်တွင် ဆရာမခေါ်ကာ စာသင်စေခြင်းဖြစ်သည်။

"တီ...တီ...တီ...တီ...တီ...တီ"

ဖုန်းဆီမှ တတီတီ မြည်သံများကြောင့် သက်လုံးပုံ ဖုန်းကို ပိတ်ရန်ယူလိုက်သည်။ အစောက ချိတ်ထဘီပုံများ မဟုတ်တော့ဘဲ ခြသေ့်များကအုပ်စုဖွဲ့ကာ ကျွဲတစ်ကောင်အား ကိုက်ဖြတ်စားသောက်နေသော ဗီဒီယိုဖိုင်ဖြစ်သည်။ သက်လုံးပုံလည်း စိတ်ဝင်စားသဖြင့် ကြည့်နေလိုက်သည်။

သက်လုံးပုံ စိတ်ဝင်တစားဆက်ပြီးကြည့်ချင်စိတ်ဖြစ်လာသည်။ ဖုန်းကို အပေါ်ဆွဲလိုက်အောက်ကိုဆွဲလိုက်ကြည့်ဖြစ်သည်။

"ငါက ဗိုလ်အောင်ဒင်ဇာတ်ကားကြော်ငြာပဲ၊ ကြည့်အုံးမှပဲ"

သက်လုံးပုံသည် 'ငါက ဗိုလ်အောင်ဒင်'ရုပ်ရှင်ကြော်ငြာကို ကြည့်ဖြစ်သည်။ ဟာသကားဖြစ်သောကြောင့် ရယ်မောနေမိသည်။

"ရယ်ရတယ်၊ ရုံတင်ရင် သွားကြည့်ဖို့ မေမေ့ကို ပြောအုံးမယ်"

သက်လုံးပုံ ဆက်ပြီးကြည့်နေပြန်သည်။ သရုပ်ပျက်စွာ ဝတ်စားဆင်ယင်ပြီးရိုက်ထားသော မော်ဒယ်ပုံများကိုမြင်လိုက်ရသည်။ သက်လုံးပုံ မျက်လုံးအစုံ ဝိုင်းစက်ပြူးကျယ်သွားသည်။ သူ မကြည့်ရဲတော့ပေ။ ပုံများ၏အောက်တွင်ရေးသားထားသော စာသားများမှာလည်း သက်လုံးပုံ တစ်ခါမှမကြားဖူးသော ဆဲရေးတိုင်းထွာစာသားများဖြစ်နေသည်။ သက်လုံးပုံမျက်နှာတစ်ပြင်လုံး ထူပူသွားသည်။ ခြောက်တန်းကျောင်းသူတစ်ယောက်အတွက် မကြည့်သင့်သောပုံများ၊ မဖတ်သင့်သောစာများကို ဖတ်မိလိုက်သည်။ သက်လုံးပုံ မလုံမလဲဖြစ်ကာ ဖုန်းကို ချထားလိုက်တော့သည်။

"သက်လုံးပုံရေ... ဆရာမရောက်နေပြီ"

ဒေါ်ကြီးပု၏အသံကြောင့် သက်လုံးပုံ ကျောပိုးအိတ်ယူလျက် အခန်းထဲမှထွက်လာခဲ့သည်။ သူ့စိတ်တွေ ကယောက်ကယက်ဖြစ်နေတာတော့ အမှန်ပင်ဖြစ်သည်။

❑

ညအိပ်ရာဝင်လျှင်လည်း သက်လုံးပုံ၏အမြင်အာရုံထဲတွင် အမြင်မသင့်တော်သောပုံများကိုသာ မြင်နေရသည်။ သူ တော်တော်နှင့် အိပ်မပျော်ပေ။ ထို့ကြောင့် အိပ်ရာ



"ဘာဖြစ်လို့ နင်က ဖေ့စ်ဘွတ်ခ်ကို သွားကြည့်တာလဲ၊ ငါတို့ကငယ်သေးတယ်လေ၊ အဲဒီ ဖေ့စ်ဘွတ်ခ်ကို ငါတို့သုံးလို့မရဘူး"

ထ နောက်ကျခဲ့သည်။

"ဒေါက်... ဒေါက်... ဒေါက် သမီး အိပ်ရာထတော့လေ"

မေမေလာနှိုးတော့မှ သက်လုံးပုံ ကမန်းကတန်း ထလိုက်ရသည်။ မျက်နှာသစ် သွားတိုက်ပြီး ရေချိုးဖို့ပြင်စဉ် သက်လုံးပုံ သူ့ကိုယ်သူ အရွယ်ရောက်နေသူတစ်ဦးပမာ ထင်လာသည်။

"သမီး... ဘာလုပ်နေတာလဲ"

အိပ်ခန်းအပြင်မှ မေမေ့အသံကြောင့် သက်လုံးပုံ တံခါးကို ပြေးပိတ်လိုက်သည်။

"မေမေ ဝင်မလာခဲ့နဲ့၊ သမီး ထွက်လာခဲ့မယ်"

"ဟယ်... ဒီကလေးမ ဘာဖြစ်ပါလိမ့်"

မေမေက ပြောပြောဆိုဆိုဖြင့် ထွက်သွားလေသည်။ ကျောင်းဝတ်စုံလဲပြီးသည်နှင့် သက်လုံးပုံ ထွက်လာခဲ့သည်။ ဖေဖေ၊ မေမေ တို့နှင့်အတူ သက်လုံးပုံ နံနက်စာ အတူစားဖြစ်သည်။

"မနေ့က ဖုန်းခေါ်နေတာ လုံးဝမကိုင်ဘူး၊ အိမ်မှာ ကျန်နေခဲ့တာလား"

ဖေဖေက မေမေ့အား မေးလိုက်ချိန် သက်လုံးပုံ မလုံမလဲဖြစ်သွားသည်။ သူ ဖုန်းကြည့်သည်ကို သိသွားလျှင်ဟူသော စိုးရိမ်စိတ်လည်း ဝင်လာသည်။

"ဟုတ်တယ်၊ ဖုန်းမေ့ကျန်ခဲ့တယ်ထင်ပြီး ဆက်ကြည့်တော့ သမီးကကိုင်တယ်လေ၊ ဖေ့စ်ဘွတ်ခ်သုံးရင်း လိုင်းမပိတ်မိလိုက်ဘူး၊ ဘေလ်တောင် တော်တော်ကုန်သွားတယ်"

ဖေဖေက သက်လုံးပုံအား စူးစမ်းသလို ကြည့်လာသည်။ သို့သော် တစ်ခွန်းမှမမေးသဖြင့် သက်လုံးပုံ စိတ်သက်သာရာရသွားသည်။ ဖေဖေနှင့်မေမေတို့အား နှုတ်ဆက်ကာ သက်လုံးပုံ ကျောင်းသို့လာခဲ့သည်။ စာသင်ချိန်များကို သူ စိတ်မပါပေ။ မေမေပြောလိုက်သော ဖေ့စ်ဘွတ်ခ်ကိုသာ သုံးချင်နေမိသည်။ သူ စိတ်ဝင်စားစရာများ တွေ့လိုက်ရသဖြင့် ထပ်ပြီးကြည့်ချင်မိသည်။

"သက်လုံးပုံ ငေးတိငေးငိုင်နဲ့ ဘာဖြစ်နေတာလဲ".

ဘေးချင်းကပ် သူငယ်ချင်း လှိုင်းလေးက မေးလာတော့သည်။ သက်လုံးပုံ အမှန်အတိုင်းပြောလိုက်သည်။

"ဘာဖြစ်လို့ နင်က ဖေ့စ်ဘွတ်ခ်ကို သွားကြည့်တာလဲ၊ ငါတို့ကငယ်သေးတယ်လေ၊ အဲဒီ ဖေ့စ်ဘွတ်ခ်ကို ငါတို့သုံးလို့မရဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ၊ အမြင်မတော်တာတွေလဲတင်တယ်လို့ မေမေက ပြောဖူးတယ်၊ ငါတို့မိန်းကလေးတွေ မကြည့်သင့်တဲ့အရာတွေ အများကြီးပဲလို့ပြောတယ်၊ နင် ထပ်ပြီးမကြည့်မိစေနဲ့ သက်လုံးပုံ၊ နင် ကျောင်းစာကို စိတ်မဝင်စားဘဲ အရွယ်နဲ့မလိုက်တဲ့စိတ်တွေဝင်သွားလိမ့်မယ်"

သက်လုံးပုံသည် လှိုင်းလေးအား ကျေးဇူးတင်စွာဖြင့် ကြည့်လိုက်သည်။ သူ မသိသော အသိများကို လှိုင်းလေးက သိနေပြီး ပြောပြနိုင်သည်။ သူ ဖေ့စ်ဘွတ်ခ်ကို ခိုးမကြည့်တော့ဘူးဟု ဆုံးဖြတ်လိုက်သည်။

❑

ဆရာမစာပြပြီး ပြန်သွားချိန်တွင် ဖေဖေနှင့်မေမေတို့က

သက်လုံးပုံအား ခဏလာရန် ခေါ်သည်။ ဖေဖေနှင့်မေမေတို့လည်း မျက်နှာမကောင်းကြပေ။သက်လုံးပုံ အမှန်အတိုင်းဖြေရန် အသင့်ပြင်ထားပါသည်။

"မေမေ့ဖုန်း အိမ်မှာကျန်ခဲ့တဲ့နေ့က သမီး ဖုန်းကိုယူကြည့်ဖြစ်သေးလား"

"ယူကြည့်မိပါတယ် မေမေ"

သက်လုံးပုံ၏အဖြေစကားကြောင့် မေမေက ဖေဖေ့ဆီသို့ လှမ်းကြည့်လေသည်။

"ဆရာမက ပြောသွားတယ်၊ ဒီရက်ပိုင်း သမီး စာထဲမှာစိတ်မဝင်စားဘူးလို့ ပြောတယ်၊ ဟုတ်လား သမီး"

"ဟုတ်ပါတယ်"

"သမီး အမူအရာပြောင်းလဲနေတာ မေမေ သတိထားမိတယ်၊ သမီးက ကလေးအရွယ်ပဲ ရှိသေးတယ်နော်၊ ကလေးလိုပဲတွေးပြီး ကလေးလိုပဲ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးနေပါသမီးရယ်၊ မေမေ့ဖုန်းကို ပြန်ယူကြည့်လိုက်တော့ ဖေ့စ်ဘွတ်ခ်ဖွင့်ထားခဲ့မှန်း သိခဲ့ရတာ၊ မေမေကြည့်တုန်းက ချိတ်ထဘီတွေကိုကြည့်ပြီး ဈေးမေးခဲ့တာကိုမှတ်မိတယ်၊ မေမေထားခဲ့တဲ့အတိုင်း မဟုတ်တော့ဘူး၊ ဖေ့စ်ဘွတ်ခ်ကို သုံးထားမှန်းသိလိုက်ရတယ်၊ မေမေတွေ့လိုက်ရတဲ့အကြောင်းအရာတွေကို မြင်လိုက်ရတော့ မျက်လုံးပြူးသွားတယ်၊ အဲဒါတွေကိုကြည့်ပြီး သမီး စိတ်ကယောက်ကယက်ဖြစ်နေတယ်ဆိုတာ မေမေသိလိုက်တယ်"

သက်လုံးပုံ ငြိမ်သက်စွာထိုင်လျက် ပြောလာမည့်စကားများကို နားစွင့်ထားလိုက်သည်။

"မေမေက သူ့အထည်ဆိုင်အတွက် ဖေ့စ်ဘွတ်ခ်ကနေ ဒီဇိုင်းလှတဲ့အထည်တွေ မှာဖို့ကြည့်တာ၊ စီးပွားရေးအတွက် ကြည့်တာသမီး၊ ဖေဖေ ဖေ့စ်ဘွတ်ခ်သုံးတယ်ဆိုတာကလဲ ကားအရောင်းအဝယ်လုပ်နေတာဖြစ်တဲ့အတွက် အွန်လိုင်းကနေ ကြော်ငြာတဲ့ကားတွေရဲ့ဈေးနှုန်းကို ကြည့်တာ၊ အဲဒါလဲ စီးပွားရေးအတွက်ပဲသမီး၊ သမီးက ကျောင်းနေတဲ့အရွယ်ပဲရှိသေးတဲ့အတွက် ကျောင်းစာကိုပဲ စိတ်ဝင်တစား ကြိုးစားရမယ်၊ ဖေ့စ်ဘွတ်ခ်ကြည့်ခြင်းအားဖြင့် သမီးအတွက် ကောင်းကျိုးထက် ဆိုးကျိုးရဖို့များတယ်၊ ဟော... အခုစပြီ၊ သမီးစိတ်တွေ မငြိမ်ဘူးဖြစ်နေတယ်၊ ဖေ့စ်ဘွတ်ခ်ကို အရွယ်ရောက်ရင် ကြည့်ရမှာပါ သမီးရယ်၊ ဖေဖေတို့က သမီးကို ချုပ်ချယ်နေတာ မဟုတ်ဘူးနော်၊ သမီးလေးဘဝရှေ့ရေးအတွက်ပြောနေတာ"

သက်လုံးပုံ နားလည်သဘောပေါက်ခဲ့ပြီဖြစ်သည်။ ဖေဖေနှင့် မေမေတို့၏စကားများကလည်း နားထဲတွင်စွဲနေလေပြီ။ သူတို့လို ငယ်ရွယ်နုနယ်သေးသည့် ကျောင်းသား၊ ကျောင်းသူလေးများအတွက် ဖေ့စ်ဘွတ်ခ်သည် ကောင်းကျိုးထက် ဆိုးကျိုးသာရနိုင်ကြောင်း ကိုယ်တွေ့နှင့်ယှဉ်ကာ သက်လုံးပုံပြောပြသွားမည် ဖြစ်ပါသည်။ ။

**ဝမ်းထက်မိုး(ဇိန့်–အောင်လံ)**

## ဆုရွေးချယ်ရေးအဖွဲ့၏ ပြန်ကြားချက်

'မြန်မာ့ရိုးရာထမနဲပွဲတော်' စာစီစာကုံးများကို ဆုရွေးချယ်ရေးအဖွဲ့က အဆင့်ဆင့်စိစစ်ရွေးချယ်ခဲ့ရာ အ–ထ–က(နတ်စင်ကုန်း)၊ တောင်ငူမြို့က မမိုးမြင့်ကျော့မှူးကို ပထမဆုအဖြစ်လည်းကောင်း၊ အ–ထ–က (နတ်စင်ကုန်း)၊ တောင်ငူမြို့က မအေးချမ်းလှိုင်ကို ဒုတိယဆုအဖြစ်လည်းကောင်း၊ အ–ထ–က (အိုးဘိုကုန်း)၊ ပေါက်ခေါင်းမြို့က မောင်ဆလိုင်းခန့်ကျော်စွာကို တတိယဆုအဖြစ်လည်းကောင်း ရွေးချယ်ဖော်ပြထားပါသည်။

စာစီစာကုံးပြိုင်ပွဲ

ပထမဆု



မမိုးမြင့်ကျော့မှူး
ကောဒသမတန်း
အ-ထ-က(နတ်စင်ကုန်း)၊
တောင်ငူမြို့၊
ပဲခူးတိုင်းဒေသကြီး။

# မြန်မာ့ရိုးရာထမနဲပွဲတော်

ဆောင်းနှောင်းကာလတွင် ကျရောက်သော တပို့တွဲလသည် အလွန်ချမ်းအေးလှသောလဖြစ်သည်။ 'နှာရည်ယိုရွှဲ တပို့တွဲ'ဟုပင် ဆိုစမှတ်ပြုကြသည်။ မြောက်ပြန်လေညင်းက ခပ်ကြမ်းကြမ်းဆော်သွေးသောကြောင့် ချမ်းပုံမှာ ကမ်းကုန်သောတပို့တွဲလတွင် မြန်မာတို့သည် ထမနဲထိုးပွဲကျင်းပကြပါသည်။ ငယ်စဉ်ကသင်ကြားခဲ့ရသော 'မြန်မာဆယ့်နှစ်လရာသီပွဲတော်များ'ကဗျာတွင် 'တပို့တွဲလ ထမနဲပွဲ'ဟု မှတ်သားခဲ့ရပါသည်။

ထန်းဖူးထန်းခိုင်များကို အောက်သို့ကိုင်းညွှတ်တွဲကျလာအောင်ပြုလုပ်၍ ထန်းရည်ခံသောလဖြစ်သဖြင့် 'တပို့တွဲလ'ဟုဆိုကြပါသည်။ တပို့တွဲလသည် ချမ်းအေးလှသောကြောင့် မြတ်စွာဘုရားလက်ထက်ကပင် မီးဖုန်းပွဲသဘင်ကို ဆင်ယင်ကျင်းပရင်း မြတ်စွာဘုရားရှင်အစရှိသောသံဃာတော်များအား ယာဂုဆွမ်းကပ်လှူပူဇော်ခြင်းမှအစပြုကာ ထမနဲပွဲကျင်းပကြသည်ဟု အဆိုရှိပါသည်။

မင်းတုန်းမင်းလက်ထက်တွင်ကျင်းပသော ယာဂုအလှူပွဲအကြောင်းကိုလည်း ကုန်းဘောင်မင်းဆက်မဟာရာဇဝင်ကြီး၌ ရေးသားဖော်ပြထားပါသည်။ တိုင်းသူပြည်သားအားလုံးတို့သည် ဆန်တစ်စလယ်ကျ စုဆောင်း၍ ယာဂုကျိုရာ ကောက်ညှင်းဆန်၊ ဆီ၊ ဆား၊ နှမ်း၊ ချင်းစိမ်း၊ မြေပဲ၊ အုန်းသီး၊ သစ်ကြားသီး စသည်တို့ကိုထည့်၍ကျိုသည်။ ယင်းယာဂုကျိုခြင်းကိုပင် ယခုခေတ်၌ ထမနဲထိုးသည်ဟုဆိုကြသည်။

ထမနဲကို နှမ်းမနဲဟူ၍လည်းခေါ်ကြသည်။ နှမ်းကိုကဲ၍ထည့်ခြင်းကြောင့်ဖြစ်သည်။ ထမနဲထိုးရာတွင် အချိုးအစားမှာ ကောက်ညှင်းဆန်လေးပြည်၊ နှမ်းဆီ ၁ ပိဿာ၊ မြေပဲဆန် ၈၀ ကျပ်သား၊ နှမ်း ၃၂ ကျပ်သား၊ အုန်းသီးစိတ် ၂၀ ကျပ်သား၊ ဆား ၇ ကျပ်သား၊ ချင်းစိမ်း ၃ ကျပ်သားတို့ဖြစ်ပါသည်။ နှင်းဝေဝေတွင်ကျင်းပသော ထမနဲပွဲသည် ပျော်စရာကောင်းလှပါသည်။

ထမနဲပွဲသည် ရွာထဲရပ်ထဲမှ ကာလသား၊ ကာလသမီးများ တစ်ယောက်တစ်လက်ပါဝင်ကြသောပွဲဖြစ်၍ စည်ကားသိုက်မြိုက်လှပါသည်။ ကောက်ညှင်းဆန်ထောင်းသူက ထောင်းကြသည်။ အုန်းသီးစိတ်သူက စိတ်ကြသည်။ ကြက်သွန်လှီးသူက လှီးကြသည်။ မီးမွှေးသူကမွှေး ဒယ်အိုးဆေးသူကဆေး စကြနောက်ကြနှင့် ပျော်ရွှင်စရာကောင်းလှသည်။

ထမနဲထိုးရန် အားကောင်းမောင်းသန် ကာလသားများက တာဝန်ယူကြပါသည်။ ထမနဲထိုးခြင်းမှာ ခက်ခဲ၍ပင်ပန်းလှပေသည်။ အင်တိုက်အားတိုက် ချွေးပြိုက်ပြိုက်ကျအောင် မွှေပေးကြရသည်။ တစ်ယောက်တစ်လှည့် ထိုးလိုက်နားလိုက်ဖြင့် ချစ်ခင်စည်းလုံးစွာ ထမနဲထိုးကြပါသည်။ ကာလသမီးများကလည်း ပါဝင်ပစ္စည်း၊ အရသာအပေါ့အငန်၊ ထမနဲနပ်၊ မနပ်တို့ကို ကြီးကြပ်ကွပ်ကဲပေးကြပါသည်။ တက်ညီလက်ညီနှင့် ပျော်ရွှင်စရာကောင်းသောပွဲတော်ပင်ဖြစ်ပါသည်။

ထိုကာလမှာပင် အစိုးရဌာန၊ ရပ်ကွက်၊ ကျေးရွာများပါမကျန် ထမနဲထိုးပြိုင်ပွဲများကို တူညီဝတ်စုံများဖြင့် နေရာဒေသအသီးသီးတွင် ကျင်းပကြပေသည်။ အကဲဖြတ်ဒိုင်လူကြီးများကလည်း အရသာတစ်ခုတည်းနှင့် အကဲဖြတ်ခြင်းမဟုတ်ဘဲ အသင်းအဖွဲ့၏စည်းလုံးခြင်းစိတ်ဓာတ်၊ စီမံခန့်ခွဲမှု၊ သန့်ရှင်း

သပ်ရပ်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကို အလေးထား၍ အကဲဖြတ်ရွေးချယ်ကြပါသည်။ အားထည့်၍ထိုးရသောမုန့်မျိုးဖြစ်၍ စည်းလုံးညီညွတ်မှုကို ထင်ဟပ်ပေါ်လွင်စေသော ပွဲတော်ဖြစ်ပါသည်။

ထမနဲနှုးနပ်သွားသောအခါ မြန်မာတို့၏ထုံးတမ်းအစဉ်အလာအတိုင်း မြတ်စွာဘုရားရှင်ကို ဦးဦးဖျားဖျားကပ်လှူပူဇော်ကြပါသည်။ ထို့နောက် ရွာဦးကျောင်း ရပ်ကွက်ဘုန်းကြီးကျောင်းရှိ သံဃာတော်များအား ကပ်လှူ လှူဒါန်းကြပါသည်။ ဘိုးဘွားမိဘဆရာသမားများအား လှူဒါန်းကျွေးမွေးခြင်း၊ အိမ်နီးနားချင်းများအား မျှဝေခြင်းဖြင့် ခင်မင်မှုတိုးကုသိုလ်ယူကာ မေတ္တာဓာတ်ဖလှယ်သကဲ့သို့ ဖြစ်လေသည်။ မြန်မာတို့၏စေတနာသဒ္ဓါတရားကို ပေါ်လွင်စေသော ပွဲတော်လည်းဖြစ်ပါသည်။

ချမ်းအေးလှသော တပို့တွဲလတွင် ထမနဲထိုးပွဲကျင်းပသည်မှာ သဘာဝကျလှပါသည်။ ထမနဲ၏ သဘောသဘာဝမှာ စေးကပ်မှုရှိပြီး အားစိုက်၍ ထိုးရသောကြောင့် ချွေးများဖြင့် ပူလောင်လာပြီး အေးချမ်းမှုများပပျောက်ကာ တပို့တွဲလ၏ ရာသီဥတုနှင့်ကိုက်ညီသောကြောင့် ဖြစ်သည်။ ထမနဲသည် ဆီနိုင်သော အစားအစာဖြစ်၍ ချမ်းအေးခြင်းကို သာမက အဆီခန်းခြောက်မှုကိုပါ ကာကွယ်နိုင်ပြန်သည်။

မြတ်စွာဘုရားရှင်သည် လေနာနှိပ်စက်ခြင်းခံရသောအခါ အရှင်အာနန္ဒာအား 'ယာဂုဆွမ်းခံချေ'ဟု မိန့်တော်မူသဖြင့် အလှူခံရာ မာတုဂါမတစ်ဦးက ချင်း၊စိမ်း၊ ငရုတ်၊ ကြက်သွန်၊ နှမ်းတို့ဖြင့် စီရင်ထားသော ယာဂုဆွမ်းကိုကပ်သဖြင့် လေနာငြိမ်းသည်ဟု ကျမ်းဂန်များတွင် ဖော်ပြထားပါသည်။ ထမနဲ၏အပူဓာတ်သည် ပထဝီပျက်ပြားနေသူများအား ကုစားနိုင်သည်ဟု ဆိုကြပါသည်။

ထမနဲပွဲတော်သည် စည်းလုံးညီညွတ်ခြင်း၊ စိတ်စေတနာကောင်းမွန်ခြင်း စသည့်ဝိသေသထူးများ ပြည့်စုံသောပွဲတော်ဖြစ်ပါသည်။ တပို့တွဲလသည် စေတနာမွေးကြိုင်လျက်ရှိသော လလည်းဖြစ်ပါသည်။ ကျန်းမာရေးအတွက်လည်း ကောင်းမွန်၍ အဘိုးအို၊ အဘွားအိုများပင် တမြုံ့မြုံ့စားနိုင်သောအစားအစာဖြစ်ပါသည်။ ကောက်ညှင်းဆန်၊ မြေပဲ၊ နှမ်း စသည့်သီးနှံသစ်များပေါ်ချိန်တွင် ထမနဲထိုးကာ လှူဒါန်းကြသောကြောင့် မြန်မာတို့၏ ကောက်သစ်ပွဲတော်ဟု ဆိုရပေမည်။

ကျွန်မတို့ကလေးသူငယ်များသည်လည်း ရပ်ကွက်ထဲရှိ ထမနဲထိုးပွဲကို လိုက်လံကြည့်ရှု၍ အားပေးကြပါသည်။ ကျောင်းသူကလေးအရွယ်ကျွန်မတို့သည် အနွေးထည်ရောင်စုံကလေးများဝတ်ရသည်ကိုပင် ပျော်ရွှင်ကြပါသည်။ အရောင်စုံလင်လှသော အနွေးထည်ကိုယ်စီဝတ်၍ ကလေးများကို ဝေငှသော ထမနဲကို တန်းစီ၍ယူကြရသည်မှာလည်း ပျော်စရာကောင်းလှပါသည်။ ချမ်းအေးနေသော နံနက်ခင်းတွင် ထမနဲပူပူစားရသောအရသာမှာ မည်သည့်အရာနှင့်မျှ နှိုင်းယှဉ်၍မရသည့် နတ်သုဓာတမျှပင်ဖြစ်ပါသည်။

တပို့တွဲလတွင်ကျင်းပသော မီးဖုန်းအလှူပွဲ၊ ထမနဲအလှူပွဲများသည် အလှူရေစက် လက်နှင့်မကွာသော မြန်မာတို့၏စိတ်စေတနာကို ဖော်ပြသည့် သင်္ကေတများဖြစ်ပါသည်။ 'ပြောင်းကြွယိုင်ဝေ၊ ယောက်မကိုင်မွှေလို့၊ ထိုင်မနေရိုးရာပွဲမို့၊ ပိုင်ပိုင်လေ ကိုးစရာအမြဲ သာပ(အိုကွယ်)ထိုးကြထမနဲ'ဟု တပို့တွဲလ၏ထမနဲပွဲတော်အကြောင်းကို စပ်ဆိုထားလေသည်။

ထို့ကြောင့် ငွေနှင်းစို၍ အအေးပိုသော တပို့တွဲလ ထမနဲပွဲတော်သည် အားမာန်တက်ကြွဖွယ် နှစ်သက်ကြည်နူးစရာကောင်းသော မြန်မာ့ရိုးရာပွဲတော်တစ်ခုပင်ဖြစ်ပါသည်။ မြန်မာ့ရိုးရာဓလေ့များနှင့် ပြည့်နှက်နေသော ဆယ့်နှစ်လရာသီပွဲတော်များတွင် တပို့တွဲလသည် ထမနဲပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပ၍ အလှူအတန်းများဖြင့် ကျက်သရေရှိလှပါသည်။ 'မြန်မာ့ရိုးရာထမနဲပွဲတော်'သည် အစဉ်အလာယဉ်ကျေးမှုကြီးမားသော စည်းလုံးမှု၏ပြယုဂ်ဖြစ်သော ချစ်စရာပွဲတော်ပင် ဖြစ်ပေတော့သည်။ ။

**မမိုးမြင့်ကျော်မှူး**

# မြန်မာဝေါဟာရကဗျာများ

တင်လင်းဇော်

**'ပုပ်'စကားတွေ မှတ်စို့လေ**

'သစ်ပုပ်ပင်'ကို မီးလောင်စွဲ
'အပုပ်နံ့'က လွှန်လွှန်ကဲ။

ပဲကျပ်ပျဉ်ပြုတ်'အပုပ်ခံ'လျှင်
'ပဲပုပ်'အမည်တွင်။

'ဆူးပုပ်ပင်'က အနံ့ကဲ
'ဟင်းပုပ်ပင်'လည်း သူပါပဲ။

'ခင်ပုပ်ပင်'က စားဖို့ပြာသွင်
'ခင်ပုပ်စင်'က ထိုင်ရာစင်။

'ဘင်ပုပ်' 'မည်းပုပ်' 'မျက်နှာပုပ်'
ညမှာဖမ်းတဲ့ 'လငပုပ်'။

'ရွှံ့ပုပ်' 'ညစ်ပုပ်'၊ 'ငန်းပုပ်မြွေ'
ဝေးဝေး ရှောင်ဖယ်နေ။

'ငါးပုပ်ခြောက်'တွေ ဆားသိပ်ထား
ကကူရံ ကသပေါင်းငါး။
'ပုပ်'စကားတွေ မှတ်စို့လား။ ။

**ပန်းကဗျာ(၁)**

'ပန်းချီ' 'ပန်းထိမ်' 'ပန်းတမော့'
'ပန်းတော့'နဲ့ 'ပန်းပဲ'ရယ်။

'ပန်းပွတ်' 'ပန်းရန်' 'ပန်းပု'သွင်းလို့
'ပန်းတဉ်း' 'ပန်းယွန်း' စုံပါတယ်။

ပန်းဆယ်မျိုး ကျော်ပြီကွယ်
'ပန်းရွဲ'ရယ် ထပ်ကာတိုး။

မြန်မာဟန် မြန်မာမှု
အနုပညာမျိုး။ ။

**ပန်းကဗျာ(၂)**

'ကြံ့ရာကျပန်း'၊ 'ခဏပန်း'
'ညှဉ်းပန်း'ကိုလည်း နသတ်မည်။

'တပည့်တပန်း'၊ 'ပူပုံပန်း'
'မောပန်း'ကိုလည်း နသတ်မည်။

'မျက်နှာပန်းလှ'၊ 'ရောင်းပန်းလှ'
'ကျပန်းစကားပြော' နသတ်မည်။

'ကွမ်းပန်း' 'ဆွမ်းပန်း'၊ 'ချောင်းနပန်း'
'ပိုးပန်း'ကိုလည်း နသတ်မည်။

'ခြေကုန်လက်ပန်း'၊ 'တောင်ခါးပန်း'
'အပန်းဖြေ'လည်း နသတ်မည်။

'ပုံပန်းသဏ္ဍာန်'၊ 'နားပန်းဆံ'
'ပန်းကန်ပြား'လည်း နသတ်မည်။

ဥယျာဉ်စခန်း၊ ရောင်စုံ'ပန်း'
စိမ်းလန်းဝေဆာလှပါသည်။ ။

**အားထုတ်လို့မှတ် ဒထွေးသတ်**

'ဂုဏ်ပုဒ်' 'ဆောင်ပုဒ်'၊ 'ဓနပုဒ်'
အားထုတ်လို့မှတ် ဒထွေးသတ်။

'တစ်ချောင်းပုဒ်' 'တည်ပုဒ်'၊ 'နိပါတ်ပုဒ်'
'ပုဒ်ဖြတ်' 'ပုဒ်ရပ်' ဒထွေးသတ်။

'သမာသ်ပုဒ်' 'အာလုပ်ပုဒ်'၊ 'သိက္ခာပုဒ်'
အားထုတ်လို့မှတ် ဒထွေးသတ်။ ။

# သင်္ချာ ဉာဏ်ရည်

မဖူးဖူး

တေဇကလေးတို့ရေ . . .

အလွန်တော်တဲ့ကလေးတွေနဲ့ Sudoku ဆိုတဲ့ ဉာဏ်ရည်မြင့်ကစားနည်းလေးကို ကစားကြည့်ရအောင်။ ဒီကစားနည်းဟာ လေးထောင့်ကွက်တစ်ခုချင်းစီထဲမှာ ၁ ကနေ ၉ အထိ ဂဏန်းအားလုံးကို ပြည့်အောင်ထည့်ပေးရမှာဖြစ်တယ်။ ပထမအကွက်ထဲမှာ ၁ ကနေ ၉ အထိ ပြည့်အောင်ဖြည့်၊ ပြီးရင် ဒုတိယအကွက်ထဲကို ၁ ကနေ ၉ အထိ ပြည့်အောင်ဖြည့်၊ ဒီလိုနဲ့ အကွက် ၉ ကွက်စလုံး ပြည့်အောင်ဖြည့်ပြီးရင် အတန်းလိုက်ရော ဒေါင်လိုက်အကွက်လေးတွေ ၉ ကွက်စလုံးမှာပါ ၁ ကနေ ၉ အထိ ဂဏန်းတွေ မထပ်စေရဘဲဖြစ်နေရပါမယ်။

လွယ်တယ်ထင်ပေမဲ့ ဉာဏ်အတော်သုံးရမဲ့ ကစားနည်းလေးပါ။ ဂဏန်းအားလုံးဖြည့်ပြီးရင် ဘယ်အတန်းလိုက်မဆို၊ ဘယ်အကွက်ထဲမဆို အားလုံးကိုကြည့်လိုက်ရင် ၁ ကနေ ၉ အထိ ဂဏန်းတွေဟာ မထပ်ဘဲ ပြည့်စုံနေရပါမယ်။ ကစားကြည့်လိုက်ကြရအောင်။ အဖြေကို စာမျက်နှာတစ်နေရာမှာ ဖော်ပြထားပါတယ်။ ။


| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| 5 | | 9 | | | | | | 7 |
| | 8 | | | 1 | | 5 | 2 | |
| | | 3 | | 8 | 4 | | | 1 |
| | 9 | | 7 | | | | | 2 |
| 4 | | | | 5 | | 3 | 9 | |
| 8 | | 2 | 1 | | | | | 4 |
| | | | 3 | | 2 | | | 5 |
| | 4 | | | | | 7 | | |
| 1 | | 7 | | 9 | | | 8 | |

# ရှာမယ်၊ ဖြည့်မယ်

မွေး

တေဇကလေးတို့ရေ . . .

ပျောက်နေတဲ့အကောင်လေးတွေကို ရှာဖွေဖြည့်ကြရအောင်။ ဒီကစားနည်းလေးက ကလေးတို့ရဲ့ဦးနှောက်စွမ်းရည်ကို ဖွံ့ဖြိုးတိုးတက်စေပါမယ်။ ဘယ်အရာက ဘာလဲဆိုတာ တွေးခေါ်တတ်စေလိမ့်မယ်။ ကိုင်း . . . စကြရအောင်နော်။ ။




နောင်တေဇ

# ဝင်္ကပါလမ်း

တေဇကလေးတို့ရေ . . .

တစ်ကြိမ်တည်းနဲ့ လမ်းမမှားဘဲ သွားနိုင်မလား။ (တစ်ကြိမ်တည်း)နော်။ ။





ပန်းတိုင်


# တီတီလေးနဲ့ ပုံဆွဲမယ်

TTL

တေဇကလေးတို့ရေ . . .

ပုံဆွဲဖို့ဝါသနာပါပေမဲ့ ဆွဲရခက်နေတဲ့ကလေးတွေ ရှိကြပါလိမ့်မယ်။ ဘာမှ သောကရောက်မနေကြပါနဲ့နော်။ တီတီလေးဖြေရှင်းပေးပါ့မယ်။ ဖော်ပြပါပုံလေးမှာ နံပါတ်ကလေးတွေနဲ့ပြထားတဲ့ အစက်ကလေးတွေကို (1)ကစပြီး အစဉ်လိုက် တစ်ဆက်တည်းရေးဆွဲသွားရင် ပုံလေးတစ်ပုံကို ရေးဆွဲပြီးသားဖြစ်သွားလိမ့်မယ်။ ဒီလိုပုံမျိုးတွေကို မကြာခဏလေ့ကျင့်ရေးဆွဲပေးရင် အကောင်လေးတွေရဲ့ ပုံပန်းသွင်ပြင်ဟန်ကိုသိလာပြီး ပန်းချီရေးဆွဲရာမှာ အထောက်အကူဖြစ်လာပါလိမ့်မယ်။ ပုံဆွဲပြီးရင် ဆေးရောင်လဲ ခြယ်လို့ရသေးတယ်နော်။ ။





# ၂၀၂၄ ခုနှစ်၊ တေဇရုပ်စုံစာစောင်
# စာစီစာကုံးပြိုင်ပွဲအတွက်
# လအလိုက် ယှဉ်ပြိုင်ရမည့်ခေါင်းစဉ်များ

| စဉ် | လအမည် | ခေါင်းစဉ် | နောက်ဆုံးပေးပို့ရမည့် ရက်၊ အချိန် |
|---|---|---|---|
| ၁ | ဇန်နဝါရီလ | ကျေးလက်ညနေခင်း | ၃၀–၁၁–၂၀၂၃၊ ၁၆း၀၀ နာရီ |
| ၂ | ဖေဖော်ဝါရီလ | မြန်မာ့ရိုးရာထမနဲပွဲတော် | ၃၁–၁၂–၂၀၂၃၊ ၁၆း၀၀ နာရီ |
| ၃ | မတ်လ | ခွဲကိုရင်းလျှင် အောင်ပွဲဆင် | ၃၁–၁–၂၀၂၄၊ ၁၆း၀၀ နာရီ |
| ၄ | ဧပြီလ | ရေသဘင်ပွဲတော် | ၂၉–၂–၂၀၂၄၊ ၁၆း၀၀ နာရီ |
| ၅ | မေလ | ကဆုန်လပြည့် ဗုဒ္ဓနေ့ | ၃၁–၃–၂၀၂၄၊ ၁၆း၀၀ နာရီ |
| ၆ | ဇွန်လ | လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် | ၃၀–၄–၂၀၂၄၊ ၁၆း၀၀ နာရီ |
| ၇ | ဇူလိုင်လ | ဖူးမြော်ခဲ့ရသောစေတီတော် | ၃၁–၅–၂၀၂၄၊ ၁၆း၀၀ နာရီ |
| ၈ | ဩဂုတ်လ | ငယ်စဉ်အခါ ပညာရှာ | ၃၀–၆–၂၀၂၄၊ ၁၆း၀၀ နာရီ |
| ၉ | စက်တင်ဘာလ | လူငယ်နှင့် ကိုယ်ကျင့်တရား | ၃၁–၇–၂၀၂၄၊ ၁၆း၀၀ နာရီ |
| ၁၀ | အောက်တိုဘာလ | မွန်မြတ်လှပဆရာ့ဘဝ | ၃၁–၈–၂၀၂၄၊ ၁၆း၀၀ နာရီ |
| ၁၁ | နိုဝင်ဘာလ | လှပသာယာပြည်မြန်မာ | ၃၀–၉–၂၀၂၄၊ ၁၆း၀၀ နာရီ |
| ၁၂ | ဒီဇင်ဘာလ | လှုပ်ရှားတက်ကြွလူငယ်ဘဝ | ၃၁–၁၀–၂၀၂၄၊ ၁၆း၀၀ နာရီ |


ပြိုင်ပွဲဝင်စာစီစာကုံးများအား အောက်ပါလိပ်စာအတိုင်း ပေးပို့ရပါမည်–

သို့

တာဝန်ခံစာတည်း(တေဇရုပ်စုံ)
မြဝတီစာပေတိုက်
အမှတ်(၁၅)၊ မိုးကောင်းလမ်း၊
မြဝတီမီဒီယာစင်တာ(မြေညီထပ်)
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၉–၄၀၃၂၅၈၄၅၁

# လူရဲ့မျက်စိနဲ့ ကျန်းမာရေး

ဒေါက်တာသန့်စင်(ရူပဗေဒ)




လူသားတွေရဲ့ခန္ဓာကိုယ်မှာ ပါဝင်တဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းများမှာ မျက်စိနှစ်လုံးကတော့ အမြင်အာရုံအတွက် အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ မျက်စိဟာ အလွန်နူနယ်တဲ့ အစိတ်အပိုင်းများနဲ့ဖွဲ့စည်းထားပြီး ကော်နီယာ (Cornea)လို့ခေါ်တဲ့ အလင်းဝင်ပေါက်နဲ့ ပြူပယ် (Pupil) လို့ခေါ်တဲ့ သူငယ်အိမ်တို့ကတော့ မျက်စိအတွင်း အလယ်နေရာမှာရှိကာ ဝင်လာတဲ့အလင်းရောင်ကို ထိန်းညှိပေးပါတယ်။ နေ့အခါ အလင်းရောင်တောက်ပပါက သူငယ်အိမ်ကျဉ်းသွားပြီး ညအခါ အလင်းရောင်မှိန်သွားပါက သူငယ်အိမ်ဟာ ကျယ်လာပါတယ်။ မျက်စိမှာ အရည်အိတ်နဲ့ပြုလုပ်ထားတဲ့ မှန်ဘီလူး (Lens) ပါရှိပြီး အဲဒီမှန်ဘီလူးကို အနီးအဝေးကြည့်နိုင်ရန်အတွက် ဆယ်လာရီမာဆယ် (Ciliary Muscles)လို့ခေါ်တဲ့ ကြွက်သားကထိန်းချုပ်ကာ ကျုံ့ခြင်း၊ ဆန့်ခြင်းကို ပြုလုပ်ပေးပါတယ်။ မျက်စိရဲ့နောက်ပိုင်းမှာ




အမြင်လွှာကို အာရုံခံနိုင်တဲ့ ရက်တီနာ (Retina)အစိတ်အပိုင်းတစ်ခုပါရှိသဖြင့် အမြင်လွှာပေါ်ကျရောက်တဲ့ ပုံရိပ်များနဲ့ အရောင်များကို အာရုံကြောကတစ်ဆင့် လူသားတွေရဲ့ ဦးနှောက်ဆီကိုပို့ပေးပါတယ်။ မျက်စိမှာပါဝင်တဲ့ အိုင်းရစ်(Iris) ဟာ သူငယ်အိမ်အကျဉ်းအကျယ်ကို ချိန်ကိုက်ပေးတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ မျက်စိကို ကင်မရာနဲ့ နှိုင်းယှဉ်ဖော်ပြလေ့ရှိပါတယ်။







လူသားတွေဟာ မျက်စိကို များစွာအသုံးပြုသော်လည်း မျက်စိကျန်းမာရေးကို ဂရုစိုက်ကြသူနည်းပါတယ်။ မျက်စိကိုအနားမပေးဘဲ ကွန်ပျူတာများ၊ လက်ကိုင်ဖုန်းများနဲ့ စာအုပ်များကိုဖတ်ရှုပါက မျက်စိထိခိုက်နိုင်ပါတယ်။ ဒါကြောင့် မျက်စိကို အနားပေးခြင်း၊ ပတ်ဝန်းကျင်ရှိ အစိမ်းရောင်ပစ္စည်းများ၊ သစ်ပင်ရှုခင်းများကိုကြည့်ရှုခြင်း၊ သန့်ရှင်းတဲ့ရေနဲ့ မျက်စိကိုဆေးကြောသန့်စင်ခြင်း၊ မျက်စိလေ့ကျင့်ခန်း မကြာခဏလုပ်ပေးခြင်း၊ မျက်စိဆရာဝန်နဲ့ တစ်နှစ်မှာ နှစ်ကြိမ်ခန့်စစ်ဆေးခြင်း၊ နေပူထဲထွက်ရင် နေကာမျက်မှန်တပ်ခြင်း၊ ဦးထုပ်ဆောင်းခြင်းနဲ့ မိမိတို့တပ်ဆင်အသုံးပြုတဲ့ပါဝါမျက်မှန်ရဲ့ဒီဂရီကို မှန်မှန်စစ်ဆေးခြင်း စတာတို့ကို ပုံမှန်ပြုလုပ်ပေးသင့်ပါတယ်။

ရှေးလူကြီးများက ‘မျက်စိအဆုံး နားအရှုံး’ဆိုတဲ့စကားကို ပြောလေ့ရှိပါတယ်။ မျက်စိနဲ့နားဟာ လူသားတွေရဲ့အမြင်အာရုံနဲ့ အကြားအာရုံတို့အတွက် အလွန်အရေးကြီးပါတယ်။ မျက်စိအာရုံကြောအားနည်းပါက ခေါင်းမူးခြင်း၊ လူမှာ အားနည်းသလိုဖြစ်ခြင်းတို့အပြင် နှလုံးခုန်ပါမြန်လာတတ်ပါတယ်။ ဗီတာမင် B12 ပါဝင်တဲ့ ကြက်ဥ၊ ကြက်သား၊ ငါးနဲ့ဟင်းသီးဟင်းရွက်အစိမ်းတို့







ကို စားသုံးပါက သက်သာနိုင်ပါတယ်။ ဒ့ါအပြင် မျက်စိအတွင်းတိမ်ဟာ နေပူထဲမှာ အလုပ်လုပ်လေ့ရှိသူများတွင် အဖြစ်များပါတယ်။ အခုအခါ အတွင်းတိမ်ကိုခွဲထုတ်ပြီး လူလုပ်မှန်ဘီလူးနဲ့ အစားထိုးတပ်ဆင်ပေးခြင်းဖြင့် ပျောက်ကင်းနိုင်ပါတယ်။ အတွင်းတိမ်ဆိုတာ မျက်စိအတွင်း သဘာဝကပေးတဲ့ မှန်ဘီလူးဟာ ကြည်လင်မှုမရှိဘဲ နောက်ကျိသွားသဖြင့် မျက်စိမှာရှိတဲ့ မှန်ဘီလူးဝါးသွားခြင်းဖြစ်ပါတယ်။ အတွင်းတိမ်ဟာ အသက်ကြီးသူများ၊ နေပူထဲတွင် သွားလာအလုပ်လုပ်သူများ၊ ဆီးချိုရောဂါရှိသူများ၊ အဝလွန်သူများ၊ အရက်နဲ့ ဆေးလိပ်သောက်သူများမှာ အဖြစ်များပါတယ်။

မျက်ရိုးကိုက်ရင် ကွမ်းရွက်ကို ကျပ်စေ့ဝိုင်းခန့်ဖြတ်ကာ မျက်စိထောင့်မှာကပ်ပေးရင် သက်သာနိုင်ပါတယ်။ မြန်မာတိုင်းရင်းဆေးတွင် ဆေးအမှတ်(၁၂)စက္ကူပါလသောက်ဆေးဟာ မျက်စိကြည်ဆေးနဲ့ မျက်စိရောဂါကာကွယ်ဆေးအဖြစ်အသုံးများပါတယ်။


လူသားတွေရဲ့အမြင်အာရုံခံစားမှုအတွက် အလွန်အရေးကြီးတဲ့ မျက်စိကို အစားအသောက်၊ အနေအထိုင်ဂရုစိုက်ဆင်ခြင်ကာ ထိန်းသိမ်းသင့်ပါကြောင်း ရေးသားလိုက်ရပါတယ်။ ။

**ဒေါက်တာသန့်စင်**
**(ရှုပဗေဒ)**









# နာအွန်း၊ သို့မဟုတ် ထက်မြက်တဲ့မိန်းကလေး

သန့်သူရ

**တေဇကလေးတို့ရေ...**

ဒီလမှာတော့ ကလေးတို့အတွက် အတုယူအားကျစရာကောင်းတဲ့ ကမ္ဘာကျော်ကလေးငယ်တစ်ဦးအကြောင်း ပြောပြပေးပါ့မယ်။ 'The Return of Superman' အစီအစဉ်နဲ့ တစ်ကမ္ဘာလုံးက ပရိသတ်တွေရဲ့ ချစ်ခင်နှစ်သက်မှုရရှိခဲ့တဲ့ ကလေးသရုပ်ဆောင် နာအွန်းဖြစ်ပါတယ်။ ဘောလုံးသမားဖခင်နဲ့ စပိန်နိုင်ငံသူမိခင်တို့က မွေးဖွားခဲ့ရာ အခုဆိုရင် အသက် ၈ နှစ်ကျော်ရှိပြီဖြစ်ပါတယ်။ 'The Return of Superman'အစီအစဉ်မှာ ဉာဏ်ရည်ထက်မြက်ပြီး ချစ်စရာကောင်းတဲ့ အသွင်အပြင်အမူအရာက နာအွန်းကို လူသိများစေခဲ့တာပဲဖြစ်ပါတယ်။

လက်ရှိမှာတော့ နာအွန်းဟာ အကသင်တန်းကျောင်းတစ်ခုကို တက်နေပြီး တောင်ကိုရီးယားနိုင်ငံမှာ နာမည်ကြီး မိန်းကလေးအိုင်ဒေါ အဖွဲ့ဖြစ်တဲ့ NMIXX နဲ့ Dance Challenge တစ်ခုကို ရိုက်ကူးခဲ့ပါတယ်။ နာအွန်းဟာ တောင်ကိုရီးယား နာမည်ကြီးကုမ္ပဏီတစ်ခုဖြစ်တဲ့ အက်စ်အမ်အင်တာတိန်းမန့်က ကမ်းလှမ်းခြင်းခံခဲ့ရပါတယ်။ အသက်ငယ်ပေမဲ့ ထက်မြက်တဲ့မိန်းကလေး နာအွန်းကို အတုယူသင့်ပါတယ်။ ။

သန့်သူရ




ဂျာအေး
ပါဝင်သည်။
ခြေစွမ်း
ကာတွန်း--
Football skill
Cartoon: Aung Kyaw
Tr: BMK
စုပေါင်းညီညာအောင် ကြောင်းဖြား ပြည်ထောင်စုနေ့ ကိုမမေ့...
"As we have unity, we will get success. We will never forget the Union Day."
သိနေတယ်လေ ဒါ ဂျာအေးအသံပဲ ဖြစ်ရမယ်...
"I know it. This must be Gyar Aye's voice."
ပါပီရေ... ဟေ့ ပါပီ
"Puppy! Hey, Puppy!"
ပြည်ထောင်စုနေ့ အားကစားပွဲသွားကြမယ်ဟေ့...
"Let us go the Union Day's sports."


ယက်စ် ဆား သိပ်ကြိုက်
"Yes, Sir. I like them very much."
ကြိုက်ရမယ်လေ ဟား...ဟား...
"You must like them. Ha! Ha!"
လီဗာပူးတို့၊ မန်ယူတို့လို ကမ္ဘာကျော်ဖလားပိုင်ရှင်တွေ ဖြစ်စေရမယ်...
"We will be the winner of the popular cup like Liverpool and Manchester United."
လာကွာ... လေတိုက်လာပြီ
"Come here. It is windy."


ဒါမျိုး ကျ ဂျာအေးက တော်ပြန်ရော...
"Gyar Aye is good at this."
ဂျာအေးခြေစွမ်းပြရ သေးတာပေါ့...
"I will show my football skill."
ထုံးစံအတိုင်း ရှောင် နေမှ -လစ်စို့...
"We will avoid as usual. Go away."


လာလေ့...ဟိုင်းယား
"Come here! Hi! Yar!"
ဘောင်း
"Baung!"
ဘောင်း!!..
"Baung!"
ဟာ...ဓာတ်တိုင်ကိုမှန်ပြီး လူ့ကို ပြန်မှန်ပြီ...
"Ha! It hit the lamp post and bounced back me."
သိသားပဲ။ ခုလို ဖြစ်မယ်ဆိုတာ
"I know that it will happen like this."


ရေးသူ: ညွန့်ဝင်း၊ နတ်တလင်း၊
သရုပ်ဖော် အောင်အောင်ထွေး
Pauk Kyaw
Use suitably
Story: Nyunt Win (Nattalin)
Illustration: Aung Aung Htwe
Tr: BMK
ပေါက်ကျော်သည် နတ်တလင်း မြို့နှင့် နှစ်မိုင်ခန့်ဝေးသော ကျောင်းကြီးရွာတွင်နေထိုင်သည်။
Pauk Kyaw lived in Kyaung Gyi village, which was two miles away from Nattalin.
သူသည် ပဉ္စမတန်းသို့ ရောက်ရှိနေပြီ ဖြစ်ပြီး ရွာမှကျောင်းသို့ စက်ဘီးနင်းတက်ရသည်။
He was a GRADE 5 student and he went to school riding his bicycle.


မိဘများက သူ့အစ်ကိုကြီး စီးဖို့ မော်တော်ဆိုင်ကယ် ဝယ်ပေးထားသည်။
His parents bought a motorcycle for his elder brother.
သားလဲ ဆိုင်ကယ်နဲ့ ကျောင်းသွားချင်တယ်။ စက်ဘီးနဲ့ သွားရတာ ပင်ပန်းတယ်။
"I want to go to school with motorcycle. I'm tired to ride the bicycle."
သားက ငယ်ပါသေးတယ်။ အသက်ကြီးလာတော့မှ စီး....
"You're too young. When you grow up, you can ride."
ပေါက်ကျော်သည် ဆိုင်ကယ် စီးဖို့ အခွင့်သာမည့် နေ့တစ်နေ့ ကို စောင့်နေသည်။
Pauk Kyaw was waiting for the day when he could the chance to ride the motorcycle.


On a summer holiday,his father and mother went to an alms-giving-ceremony. So he was left alone.
His elder brother's motorcycle was under the mango tree. The key was ready.
While Pauk Kyaw was sitting on the motorcycle, his friend, Phoe Aye, came to him.
"Hey!, Pauk Kyaw."
"Ha!, Phoe Aye."


ပေါက်ကျော်စက်နှိုးပြီး စီးကြည့်ပါလား။
"Pauk Kyaw, do you try to ride the motorcycle?"
ပေါက်ကျော်သော့ဖွင့်ပြီး ဂီယာနင်းလိုက်ရာဆိုင်ကယ်က ပေါ်ခနဲ ထွက်သွားသည်။
Pauk Kyaw started the engine with the key and pressed the gear, the motorcycle started to move.
"Woo!"
ခြံစည်းရိုးမရှိသဖြင့် ဆိုင်ကယ်က ကားလမ်းမပေါ်တန်းရောက်သွားသည်။
As there was no fence, the motorcycle reached on the road at once.


ပေါက်ကျော်စက်ဘီးစီးတတ်သဖြင့် စက်ဘီးထိန်းသလို ဆိုင်ကယ်လက်ကိုင်ကို ထိန်းထားသည်။
As Pauk Kyaw was able to ride the bicycle, he controlled the handle as if he was riding the bicycle.
ဂီယာမပြောင်းတတ်သဖြင့်ဆိုင်ကယ်ကနှေးတုံ့နှေးတုံ့ ပြေးနေသည်။
As he did not know how to shift the gear, the motorcycle was slow.
Woo!
မကြာမီမြောင်းလေးပေါ်ခင်းထား သောတံတားပေါ်သို့ရောက်လာ၏။
Soon, he reached the bridge that span a ditch.


တံတားပေါ်သို့ရောက်တော့ဆိုင်ကယ်ကဆောင့်ခုန်ကာ
သူရော ဆိုင်ကယ်ပါမြောင်းထဲကျသွားသည်။
When he reached the bridge, the motorcycle vibrated suddenly and not only the motorcycle but also Pauk Kyaw fell into the ditch.
မြောင်းထဲတွင် လူတခြား ဆိုင်ကယ်တခြားဖြစ်ပြီး ဆိုင်ကယ်အကာများကွဲကျန်သည်။
He was separated from the motorcycle in the ditch and the coverings of the cycle were broken.
ပေါက်ကျော် သည်လည်း ထိခိုက်ဒဏ်ရာများနှင့်သွေး တွေရဲကျန်သည်။
Pauk Kyaw was injured bleeding.


ရွာသားများရောက်လာကာ
ပေါက်ကျော်ကိုမြောင်းထဲမှ
ဆွဲတင်ပြီး ဆိုင်ကယ်ကိုဆယ်
တဲ့ယူကာ ဆယ်သည်။
The villagers came to him and saved Pauk Kyaw from the ditch and the motorcycle was taken out of the ditch.
ဖေဖေနှင့်မေမေပြန်ရောက်တော့ပေါက်ကျော်ကိုရွာဆေး
ခန်းသို့သွားပြသည်။
When father and mother came back, they brought Pauk Kyaw to the clinic in the village.
အရိုးမကျိုးလို့တော်သေးရဲ့
ပွန်းပဲ့ရုံပဲဗျို့
"As his bones aren't broken, he is lucky. Only bruises and cut!"
အနာများပျောက်ကင်းသော
အခါပေါက်ကျော်မှာအမာရွတ်
များကျန်ရစ်ခဲ့သည်။
When his wounds were healed, there were scars left.


တစ်လလောက်ကြာတော့ဖေဖေက...
About a month later, father said,
သား ဆိုင်ကယ် စီးအုံးမလား ကွ...
"Son, do you want to ride the motorcycle?"
မစီးတော့ပါဘူး ဖေဖေရ
သားက စီးချင်တာပဲ သိတယ်
အန္တရာယ်ကို မတွေးမိဘူး။
"No, father. I knew only my desire. I didn't think of danger."
ကျောင်းပြန်ဖွင့်သောအခါ
ပေါက်ကျော်သည် စက်ဘီးလေး
စီး၍ ပျော်ရွှင်စွာကျောင်းတက်
နေပါပြီ။
When the school was reopened, Pauk Kyaw went to school happily with his bicycle.

'သုတကမ္ဘာ'စစ်မှုရေးရာ၊ ကျန်းမာရေးနှင့် သုတအဖြာဖြာသတင်းဂျာနယ်ကို စာဖတ်ပရိသတ်အတွက် ၂၀၁၈ ခုနှစ်၊ မတ်လ ၂၇ ရက်(တပ်မတော်နေ့)တွင် စတင်ထုတ်ဝေခဲ့ပြီး အပတ်စဉ်စနေနေ့တိုင်း ဖြန့်ချိလျက်ရှိပါသည်။




ဆက်သွယ်ရန်လိပ်စာ - မြဝတီစာပေတိုက်၊ မိုးကောင်းလမ်း၊ မြဝတီမီဒီယာစင်တာ(မြေညီထပ်)၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉၄၅၂၂၆၀၅၃၆။